# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၈)ရက် ၊ သောကြာနေ့ ၊ (7-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်အစိုးရ ဧည့်ဂေဟာ K2 ၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၇ ရက်
အယ်ဒီတာ့အာဘော်

# ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့်ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပေသည်။ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်း အဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းနိုင်ရန် ဘက်ပေါင်းစုံမှဖော်ဆောင်သွားမည်ဖြစ်ရာ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပေသည်။

ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ် ၄ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက **"ဒုတိယအကြိမ်ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ယခုကဲ့သို့ ရုရှားနိုင်ငံ၏ အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့်ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများ ဖြစ်ပါကြောင်း"** ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံအစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ရာတွင် နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်း သတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့်အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းရေးရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့်အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာပြီးမြောက်ခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်တို့ကို အသီးသီးလက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်သောခရီးစဉ်၏ တွေ့ဆုံဆွေးနွေးမှုများသည် ရုရှားနှင့်မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရုံသာမက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်နိုင်ငံစလုံးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်း ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး မတ် ၆**

၂၀၂၅ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်ပွဲကို မတ် ၅ ရက် နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ သင်တန်းအုပ်ချုပ်သူ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်မှ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်နေကြောင်း၊ မျိုးဆက်သစ် အားကစားသမား အားကစားနှင့် ပညာရေးလုပ်ငန်းများ ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်အောင် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အားကစားလှုပ်ရှားမှုကို အခြေခံမှစ၍ စနစ်တကျ နားလည်သင်ယူနိုင်ရန် ယခုလို သင်တန်းများကိုဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အားကစားနည်းအလိုက် နည်းစနစ်မှန်ကန်ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဆက်လက်လေ့ကျင့်နိုင်စေရန် အဆင့်မြင့်အားကစားသင်တန်းများကိုလည်း အားကစားနည်း ၁၅ နည်းဖြင့် ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သူများကို စနစ်တကျရွေးချယ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကို နိုင်ငံတော်စရိတ်ဖြင့် တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်းများနှင့် ရွှက်ပုန်းသီးကောင်းများ ပေါ်ထွက်လာရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အသက်မွေးဝမ်းကျောင်းပညာသင် ထောက်ပံ့စရိတ်ရရှိသူ ကျောင်းသား၊ကျောင်းသူ ၁၅ ဦးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီမှ ထောက်ပံ့ငွေကျပ် ၁၅သိန်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ ခရိုင်၊ မြို့နယ်များအတွက် သင်တန်းအထောက်အကူပြု အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က သင်တန်းနည်းပြ၊ အုပ်ချုပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မုံရွာမြို့နယ်တွင် မိုးသီးနှံ ဝါ ၁၅၂၃၉ ဧကထိ သိမ်းဆည်းပြီးစီး တစ်ဧကလျှင် ၄၃၀ ဒသမ ၉၆ ပိဿာ ထွက်ရှိ

**မုံရွာ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံဝါ ၁၅၂၃၉ ဧကထိ သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃၀ ဒသမ ၉၆ ပိဿာထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၆၂၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဝါသီးနှံစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် သိမ်းဆည်းခဲ့ရာ ယနေ့တွင် ၁၅၂၃၉ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃၀ ဒသမ ၉၆ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဝါသီးနှံ ၁၆၂၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ၁၅၂၃၉ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ စိုက်ပျိုးသွားနိုင်ဖို့ စိုက်ပျိုးရာသီအမီ ဝါမျိုးစေ့တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ငွေကျပ်သုံးသိန်းငါးသောင်း ကုန်ကျပြီး ဝါတစ်ဧကလျှင် ပိဿာ ၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဝါသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/ ၂၀၂၅) အစည်းအဝေးကျင်းပ



**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို မတ် ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်၏မူဝါဒများနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသနှင့်ကိုက်ညီသင့်လျော်သည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဦးစားပေးဖော်ထုတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းစားရေရိက္ခာ ဖူလုံရေးနှင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများကို ကာလတို၊ ကာလလတ် အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက ယခင်(၁/၂၀၂၅) အစည်းအဝေးမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ယခုအစည်းအဝေးတွင် တင်ပြလျှောက်ထားလာမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီများမှတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းကုန်အစားထိုး စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၈ လမ်း၊ ၁၂-၁၄ လမ်းကြားနေ ဦးအောင်ကျော်မိုး-ဒေါ်မြင့်မြင့်သန်း မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# လှိုင်းဘွဲမြို့နယ် ပတ်ပျိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ မတ် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပတ်ပျိုးကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပတ်ပျိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**

# ခန္တီးမြို့နယ် ရပ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ခန္တီး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရပ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဗိုလ်ဆန်း၊ ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရပ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်စာရင်းဇယားများ ဖြည့်သွင်းထားမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရပ်နားကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၃၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၀၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၉၂ တင်းထွက်ရှိ

**ကန့်ဘလူ မတ် ၆**


စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၉၂ တင်း ထွက်ရှိခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၉၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၂၂၂၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)



# ချိန်ခါမီညွှတ်ပျောင်း ကြည်ညိုသဒ္ဒါပိုကြတဲ့ မိန်ရာသီလတပေါင်းရဲ့ မြတ်ကုသိုလ်

"ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ပတ်လည်။
သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွန့်ငယ်တို့၊
ဖူးကွန့်ကိုက်စည်။
ဘမရာရွှေပိတုန်းငယ်တို့၊ ခြွေသုံးကြဝတ်ရည်၊
ညွှတ်ကြည်ဖွယ့် ဖော်ကွဲ။
ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊
ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊
ရာသီတွင် စာညီပြောပေပ၊ ကြော၍သာမြဲ။

ဦးကြင်ဥ

ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေစေ၊ လတပေါင်းကား မြန်မာ့ဆယ့်နှစ်လတွင် ဒွါဒသမမြောက်လဖြစ်သည်။ ရက် ၃၀ ရက်စုံလဖြစ်သည်။ ဂိမှာန(နွေဥတု)၏ ပထမဆုံးလလည်းဖြစ်သည်။ ဝသန္တရတု၏ အစလည်းဖြစ်သည်။

ရသေ့သူတော်စင်များကိုယ်တိုင်ပင်လျှင် ဉာဏ်မခိုင် ဈာန်ယိုင်လျှောရလောက်အောင် တောတောင်သဘာဝ သာယာလှပုံကို စာပန်းချီခြယ်သ၍မကုန်နိုင်ကြောင်း စာဆိုတော်များက ညွှန်းဆိုခဲ့ကြသည်။

**"ထေရ်ပရဝဲ သုံးလူ့ဖော်ငယ်၊ ဖသုဒ္ဓေါ် စံမြန်းတဲ့**
**မှန်နန်းကြွ ပြည်ကမ္ဘီ၊ မြန်းတဲ့ရာသီ၊**
**ယုန်စန်းနှင့်၊ ဘရဂုဏ္ဏီငယ်၊**
**တူတညီယှဉ်တုံးမို့လေး။**

**(ဦးကြော့ဖွဲ့တေးထပ်)**

မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်၌ **"ဖွားဖက်တော်ကာဠုဒါယီအမတ်ကြီး"** က ကပိလဝတ်ပြည်မှ ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိသားစုက လွမ်းမောတမ်းတနေကြသဖြင့် ကြွရောက်ချီးမြှင့်ပေးစေရေးအတွက် တပေါင်းလနှင့် တောတောင်သဘာဝ သာယာလှပပုံအဖုံဖုံကို "အင်္ဂါရိနော-ဒါနိဒုမာဘဒန္တေ" အစချီသော ဂါထာပေါင်း ၆၄ ပုဒ်ဖြင့်ဖွဲ့သီလျှောက်ထားပန်ကြားခဲ့သည်။ ထိုဂါထာများကို အင်းဝခေတ် (ကောဇာနှစ် ၈၇၉) ခန့်တွင် **"ရဟန်းစာဆိုတော်ကြီး သျှင်အုန်းညို"** က **"ဂါထာ ၆၀ တောလားပျို့"** အဖြစ် ရေးဖွဲ့ခဲ့ရာ မြန်မာစာပေလောကတွင် ယနေ့ထက်တိုင် ဂန္ထဝင်တွင်နေသည်။

**"ယော်နုယော်နု၊ ရွက်သစ်ပြုလျက်၊ ရတုအလိုက်၊**
**ခက်ချင်းဆိုက်၍၊**
**အကိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊ တန်ခူးမပြောင်း၊**
**တပေါင်းမကုန်၊**
**ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊**
**ဆောင်းနွေမိုးဆမ်း၊**
**ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊ ဘုရားမြတ်စွာ၊**
**ဖူးအံ့ခါကား၊**
**သာယာသောတိ၊ ကြွဖွယ်ရှိစွ"**

**(သျှင်အုန်းညို)**

မြတ်ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော်များနှင့် တပေါင်းလတွင် ကပိလဝတ်ပြည်သို့ ကြွချီလာခဲ့ကြရာ ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် မအေးမြစေဘဲ တောရိပ်သစ်ရိပ်များကြားမှာပင် ချွေးသိပ်နားတော်မူခဲ့လေသည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ကြီးငယ်များ၏ အရိပ်အာဝါသအေးမြမှုကို နှစ်သက်ချီးကျူးနေကြသော နောက်ပါရဟန်းသံဃာတော်များကို မြတ်ဗုဒ္ဓက "သစ်ပင်၏အရိပ်အာဝါသထက်၊ ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသကအေးမြ၏။ ထို့ထက် အမိအဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသကအေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်ထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏"ဟု ဟောကြားတော်မူခဲ့ရာ လတပေါင်း၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးထူးပင်ဖြစ်သည်။

ဆောင်းအကုန် နွေအကူး ပျော်မြူးသာယာ လွမ်းမောဖွယ်ရာ တပေါင်းလကို **"အခါလည်းကောင်း လတပေါင်း"**ဟုတစ်မျိုး၊ **"တပေါင်းသာခေါင် လများနောင်"**ဟုတစ်ဖုံ **"ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင်၊ ဈာန်ယိုင်လျှောရတယ်၊ ကြော၍သာမြဲ"**ဟုတစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။

မြတ်ဗုဒ္ဓ၏ခုဒ္ဒကနိကာယ်ဝင် သုတ္တန်နိပါတ်တော်ပရိတ်ကြီး ၁၁ သုတ်မှ ဒုတိယဖြစ်သော ရတနသုတ်ရွတ်စဉ်တွင် **"ဝနပ္ပဂုမ္ဗေ၊ ယထာဖုဿိတဂ္ဂေ ဂိမှာန-မာသေ ပဌမ သ္မိံဂိမှေ"**အစချီ၍ "နွေလများတွင် နွေဦးအစဖြစ်သော တပေါင်းလ၌ ကောင်းစွာဖူးပွင့်ဝေဆာ၊ ခက်ဖြာမျိုးစုံရှိကြသော တောအုပ်သည် အသရေရှိလှပါဘိ။ ထို့အတူ ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်တော်ကို နိဗ္ဗာနခါတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ၊ ရှင်တော်ဘုရား၏ တရားဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါတွေချမ်းသာကြပါစေ"ဟူ၍ တပေါင်းလကို နိဗ္ဗာန်ရောက်ကြောင်း ပရိယတ္တိစာရတနာနှင့်ပမာတူကြောင်း ခိုင်းနှိုင်းတင်စားကာ မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေရာ တပေါင်းသာခေါင် လများနောင်အဖြစ် ပိုမိုထူးခြားပြောင်မြောက်သွားခဲ့သည်။

**သဲပုံစေတီနှင့် ဗုဒ္ဓပူဇနိယပွဲတော်**

**"ဖူးတံနီထွေဆန်းလို့၊ အင်ကြင်းပန်းရွှေဖီ။**
**သဲစေတီတည်စမြဲပေပ၊ သဘင်ပွဲကုန်လရာသီ"။**

**(ဦးပေါ်ဦး)**

**"တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်မဂ္ဂဏ။**
**သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။**

**(ကင်းဝန်မင်းကြီးသံပေါက်)**

**"တပေါင်းလသာ၊ လတကာထက်၊**
**နှိုင်းရာဆက်ရှောင်၊လများနောင်ကား၊**
**တောင်လည်းသာမော၊ တောလည်းသာထွေ၊**
**ရေလည်းသာလှ၊ ဖြူဆွသောင်ပြင် ၊**
**ငှက်ပေါင်းရွှင်၍၊ သဘင်အညီ၊**
**သဲစေတီဟု၊**
**မြှောက်ချီးရှွင်ပ၊ လှူဒါန်းကြလျက်"၊**

**(ဦးအောင်ကြီးဖွဲ့ လူးတား)**

သဲပုံစေတီ၊ သရဖီနှင့်၊ စာပန်းချီခြယ်ဝင့်၊ ဂုဏ်ရှိန်မြင့်တင့်တယ်နေသော တပေါင်းလ၏ အထွတ်အမြတ်ပွဲတော်မှာ သဲပုံစေတီပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်သည်။

တပေါင်းလပြည့်နေ့တွင် မြစ်ကမ်း၊ ချောင်းနံဘေးနေရာများတွင်ရှိကြသော ညီညာပြန့်ပြူးသန့်ရှင်းနေကြသည့်သဲသောင်ပြင်များတွင် မြေပြင်ကိုရှင်းလင်းကြပြီး ထိုသဲသောင်ပြင်ပေါ်တွင် စနစ်တကျညီညာစွာ ရစ်ခွေထားကြသည့် ဝါးခွေကြီးများကို တစ်ဆင့်ပြီး တစ်ဆင့်တင်ကာ ငွေရောင်တောက်ပသည့် သဲဖြူလွှလွှများကို လောင်းထည့်ချကြရသည်။ စေတီတော်ပုံတော်အတိုင်း ဖောင်းရစ်များအထက် ငှက်ပျောဖူးတိုင်အောင် ကြီးစဉ်ငယ်လိုက် ဝါးခွေများကိုဆင့်ခံပြီး သဲထည့်ကြရသည်။ ဉာဏ်တော် ကိုးတောင်၊ ခုနစ်တောင်အမြင့်ရောက်၍ စေတီတော်တစ်ဆူပုံသဏ္ဌာန်ပေါ်ပေါက်လာသောအခါ စက္ကူထူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင်ပန်းလည်တိုင်ထိုးကာ တင်လှူကြရသည်။ ထီးဖြူများလည်း ကပ်လှူကြသည်။ သဲပုံစေတီကို အနေကဇာတင်ခြင်း၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်ပွဲကို အတီးအမှုတ်၊ အကအခုန်များစုံလင်စွာဖြင့် ဆင့်ခံကျွေးမွေးလှူဒါန်းကြလေ့ရှိပါသည်။

သဲပုံစေတီကို ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးက စတင်ခဲ့သည်ဟု မှတ်တမ်းပြုထားခဲ့ကြသည်။ ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းပေးသည့် ကျောင်းသင်္ခမ်း၌ အလုပ်အကျွေးပြုတပည့်ပေါင်း ထောင်သောင်းမကနှင့်အတူနေထိုင်သော ထိုရသေ့သည် သဲများကိုစေတီပြုလုပ်ကာ ဘုရားရှင်ကိုရည်မှန်းပြီး ပန်းအမျိုးမျိုးဖြင့် ပူဇော်ကန်တော့နေခဲ့ကြောင်း၊ ထို့ပြင် အပဒါန်ပါဠိတော်ပါ "ပုလိနယူ ပိယမထေလောင်း နာရဒရှင်ရသေ့"သည် မြစ်ကမ်းထိပ်တွင် တရားအားထုတ်ရင်း မြစ်ပြင်သောင်ထွန်းလာသောအခါ သဲများကိုစုပုံ၍ သဲပုံစေတီတည်ထားကိုးကွယ်ခဲ့ကြောင်း၊ သဲပုံစေတီပွဲတော်သည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည့် ပွဲတော်ဖြစ်ကြောင်း၊ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲသောင်ပြင် (သဲစည်းခုံပေါ်)တွင် စွယ်တော်မြတ်ကိုဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားတော်မူခဲ့ရာ၊ သဲစည်းခုံပေါ်တွင်တည်ထားသဖြင့် "ရွှေစည်းခုံ"ဟု ဘွဲ့အမည်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိကြရသည်။

ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်ဗုဒ္ဓအား ရည်မှန်းပူဇော်ကြရာတွင် ဘာသာအယူအဆနှင့် ရိုးရာယဉ်ကျေးမှုကိုအခြေပြုကာ ကိုးကွယ်ဆည်းကပ်ပူဇော်နေကြလေ့ရှိသည်။ သဲပုံစေတီတည်ထားကိုးကွယ်မှုများအပြင် နယ်မြေဒေသအခြေအနေအရ ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်များကိုလည်း တပေါင်းလပြည့်နေ့နှင့်ဝန်းကျင်နေ့ရက်များတွင် နှစ်စဉ်ကျင်းပကြလေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်နှင့် ရှေးဟောင်း နောင်တော်ဘုရားသုံးဆူ၏ဖြစ်တော်မူသော **"ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်"** တို့၏ တောင်ဝှေးတော်၊ ဓမ္မကရိဏ်းရေစစ်တော်၊ ရေသနုပ်သင်္ကန်းတော်များအပါအဝင် သိင်္ဂုတ္တရကုန်းမြေတွင် ဌာပနာပြီး **"လေးဆူဓာတ်ပုံ ရွှေတိဂုံ"**ဟု ဘွဲ့အမည်တွင်သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားပူဇော်၍ ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် ကျင်းပခဲ့ကြသည်။ အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီတော်များတွင်လည်း ထိုနည်းတူ ကျင်းပခဲ့ကြသည်။

**"တပေါင်း"**၏အဓိပ္ပာယ်မှာ "တ"= ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ **"ပေါင်း"** = ကျိုသည်။ ချက်သည်။ ထန်းရည်များကို ပေါင်းစပ်ကျိုချက်သည့်အခါသမယ၊ ထန်းပေါင်းလဖြစ်ကြောင်း၊ **"ထန်းပေါင်း"**မှ **"တပေါင်း"**ဟုရွေ့လျားခေါ်ဆိုခဲ့ကြကြောင်း၊ ထို့ပြင် ထက်ဝလာတစ်ခွင်၌ **"အဿဝဏီ"** အစ **"ရေဝတီ"** အဆုံး၊ နက္ခတ် ၂၇ လုံး၊ အားလုံးစုဝေး၍ တစ်ပေါင်းတည်း ထွက်ပေါ်လာကြသည်ကို အကြောင်းပြု၍ "တစ်ပေါင်း"(တပေါင်း)ဟု ခေါ်ဆိုခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။

**ဝေါဟာရလီနတ္ထဒီပနီ**ကျမ်းတွင်မူ **"တပရှား"**= ပူပင်ခြင်းဆောင်သောလဟု ဖွင့်ဆိုထားသည်။ **"တပ"**ဟူသော ပါဠိသက်ဝေါဟာရသည် ဝီရိယအားကြီးမှု၊ ကြိုးစားမှု၊ ကိလေသာများကင်းစင်အောင် အားထုတ်မှု၊ ကြံ့ခိုင်စွာရပ်တည်နိုင်မှု၊ အရှုံးမပေး၊ ခွဲမလျော့မှု စသည်ဖြင့်အလွန်လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်ဟူ၏။ ထို့ကြောင့် နေမင်းကို **"တပ"**ဟုခေါ်ဆိုပြီး **"နွေဥတု"**ဟုလည်း သတ်မှတ်ထားကြသည်။ ထို **"တပ"**မှ **"တပေါင်း"** ဖြစ်လာကြောင်း ဖွင့်ဆိုခဲ့ကြသည်။ **"တပေါင်းလည်းကူး၊ မိုးသားကျူး"**၊ **"နေ့ပူညချမ်း၊ တပေါင်းလသရမ်း"** ဟုလည်း တပေါင်းလ၏မိုးလေဝသကို ပြဆိုထားသည်။

ပုဂံခေတ်ကျောက်စာများတွင် "တပေါင်း"ကို "တပေါင်"ဟု ဝစ္စနှစ်လုံးပေါက်မပါဘဲ ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်ရောက်ပါမှ ဝစ္စနှစ်လုံးပေါက်ထည့်ကာ "တပေါင်း"ဟု ကမ္ဗည်းရေးထိုး ပြောဆိုလာခဲ့ကြကြောင်း မှတ်တမ်းပြုစုထားကြသည်။

ဂုဏ်ရောင်ထွန်းပြောင်လှသည့် တပေါင်းလရာသီအမည်က **"မိန်"**၊ စန်းပြည့်နက္ခတ်က **"ဥတ္တရဘရဂုဏ္ဏီ"** ယှဉ်တာရာက **"ဆံကျင်တာရာ"** ရာသီရုပ်က **"ငါးနှစ်ကောင်"** ရာသီပန်းက **"သရဖီပန်း"** ရာသီပွဲက **"သဲပုံစေတီ"** လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"ကေရာဇ်ပင်"** ရက်ရာဇာက **"ဗုဒ္ဓဟူး၊ စနေ"** ပြဿဒါးက **"အင်္ဂါ၊ ရာဟု"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

တပေါင်းလ၏ **"စည်တော်သံ"**မှာ **"မိန်ရာသီလ-တပေါင်းမို့၊ ညှာညောင်းလို့ ရွက်သက်ချီ၊ ဖူးညွန့်စီစီ။ မန်းရွှေပြည်သဲစေတီလှူတော်ပွဲနှင့် လွဲပြီဗျလေး။"** ဟူ၍ဖြစ်သည်။

**ပုန်းမကြည် တင်မြှောက်ပသပွဲ**

မြန်မာလယ်သမားများနှင့် ထန်းတက်သမားများက သီးနှံအထွက်ကောင်းရန်နှင့် ထန်းရည်(ထန်းလျက်) အထွက်ကောင်းရန်အတွက် တပေါင်းလတွင် "ပုန်းမကြည်အရှင် (ပုဗ္ဗကြယ်)"ကို တင်မြှောက်ပသလေ့ရှိခဲ့ကြသည်။ ပုန်းမကြည်သည် ဘီလူးမဖြစ်ပြီး ဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေရမှသာ စိတ်ကြည်လင်လေ့ရှိသည်ကိုအစွဲပြု၍ ပုန်းမကြည်ဟုခေါ်ဆိုခဲ့ကြသည်။

အချို့က **"ဖုန်းမဂျီ"**၊ **"ပုဗ္ဗကြည်"**၊ **"ပုဏ္ဏာကျီ"**ဟု ခေါ်ဆိုကြသည်။ သက္ကတဘာသာအားဖြင့် **"ပုဗ္ဗပြီ"** ဟုခေါ်သည်။ ဓမ္မပဒပါဠိတော်တွင်ပါရှိသည့် **"ကာဠူယက္ခနီဘီလူးမ"**ဝတ္ထုကိုအကြောင်းပြု ပေါ်ပေါက်လာခြင်းဖြစ်သည်။

**❖သုံးလူ့ထွတ်ထားမြတ်ဘုရားကပင် တောတောင်ရာသီသဘာဝ အလှမှာ လတကာတို့ထက်သာလွန်ကြောင်း ဟောကြားတော်မူခဲ့သော လတပေါင်းကား သဘာဝအလှရော၊ တရားဓမ္မ ဘာသာရေးအရပါ ထူးခြားလွန်းလှသည်။ "ဆောင်းကုန်လို့ကျွမ်း၊ နွေနီဒါန်းအစ၊ အခါသမယမို့၊ နေ့ပူလို့ညချမ်း၊ တပေါင်းလသရမ်း"ရယ်လို့လည်း လွမ်းစာခွေဖြေသိမ့်ခဲ့ကြရသည်။ သဲပုံစေတီပူဇော်ပွဲများနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကလည်း သဒ္ဓါကြည်ဖြူ အလှူဒါနများအဖြစ် တပေါင်းလကိုကုသိုလ်အထိုထိုဖြင့် ဂုဏ်မြင့်ဝင့်ထည်နေစေသည်။ ❖**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်၌ ကုလားပဲကေ ၆၈၀ ထိ ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၃၂ တင်းထွက်ရှိ



**ပွင့်ဖြူ မတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲကေ ၆၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ကုလားပဲ ၁၇ ဒသမ ၃၂ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၇၅ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ ကေ ၆၈၀ ထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုလားပဲ ၅၆၇၅ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ ကုလားပဲစိုက်ခင်းတွေကို ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းနေတာမှာ ဒီနေ့ထိ ကုလားပဲကေ ၆၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲတွေ ရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ရိတ်သိမ်းခြွေလှေ့နည်းစနစ်များကိုလဲ ကွင်းဆင်းကြီးကြပ်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာနှင့် သွင်းအားစုများစနစ်တကျသုံးစွဲရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အချိန်မီသီးနှံရိတ်သိမ်းနည်းပညာများစသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုလားပဲသီးနှံသည်ဈေးကွက်ဝင်သီးနှံဖြစ်၍ နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းများတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

**စာမျက်နှာ ၄ မှအဆက် ➤**

မနာလိုသော အငြိုးအတေးစိတ်ယုတ်မာကြောင့်၊ ဆုတောင်းမှားပြီး ကလဲ့စားချေခဲ့ကြသူနှစ်ဦးကို မြတ်ဗုဒ္ဓက လမ်းညွှန်ပြမှုကြောင့် သံဝေဂရသွားကြသည့်ဇာတ်ဖြစ်သည်။

ပုန်းမကြည်မအား ပူဇော်ပသပုံမှာ မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဝါတို့ကို လယ်သမားများက **"နွားရုပ်၊ ထွန်ပုံ၊ ထယ်ပုံ"** ထန်းတက်သမားတို့က **"ရင်းထောင်၊ ရင်းဆွဲ၊ ထန်းပင်ပုံ"** ဈေးသည်များက **“ဈပ်ပုံ၊ ချိန်ခွင်ပုံ၊ အလေးပုံ"** စသည်ဖြင့်ပြုလုပ်ကြပြီး တပေါင်းလဆန်းတစ်ရက်မှ သုံးရက်နေ့ထိ မိမိတို့အိမ်ရှေ့ရှိ တိုင်ထိပ်များ၌ အိုးသစ်နှင့်ထည့်၍ဆွဲထားကြကာ ပုန်းမကြည်မအား တင်မြှောက်ပသကြသည်။

ပသနေကြဆဲတွင် **ပထမနေ့**တွင် လေလာပါက မိုးဦးကောင်းမည်။ **ဒုတိယနေ့**တွင် လေလာပါက မိုးလယ်ကောင်းမည်။ **တတိယနေ့**တွင် လေလာပါက မိုးနှောင်းကောင်းမည်။ ထိုသုံးရက်စလုံး လေမလာက မိုးသုံးပါးလုံးမကောင်းဟု နိမိတ်ဖတ်ကြလေ့ရှိသည်။ ရှေးမြန်မာလူမျိုးများ၏ တပေါင်းလရိုးရာဓလေ့ပင်ဖြစ်သည်။

**တပေါင်းသာခေါင် လများနောင်**

**“ဝနပ္ပဂုမ္ဗေ။ ။ ခက်ချင်းညှာဆိုင်နှင့် ဂေါ်ငုံခိုင်ထုံ လှိုင်ပျံ့ပါဘိ၊ ညွှင်းသို့လေပြည်။ ။ ရွက်အုပ်ကယ်ဝေ၊ မိန်ရွှေလရက်ပိုင်း။ သုံးဘောင့်ထွတ်စွန်၊ မြတ်ဖျားသယံ မွန်မှုသာအလွန် စာညွှန်းဟောခဲ့တယ်၊ တောနှင့် တောင်တိုင်း။"**

**(ဦးကြင်ဥ-လေးချိုး)**

သုံးလှူ့ထွတ်ထား မြတ်ဘုရားကပင် တောတောင်ရာသီသဘာဝအလှမှာ လတကာတို့ထက်သာလွန်ကြောင်း ဟောကြားတော်မူခဲ့သော လတပေါင်းကား သဘာဝအလှရော၊ တရားဓမ္မဘာသာရေးအရပါ ထူးခြားလွန်းလှသည်။ **"ဆောင်းကုန်လို့ကျွမ်း၊ နွေနိဒါန်းအစ၊ အခါသမယမို့၊ နေ့ပူလို့ညချမ်း၊ တပေါင်းလသရမ်း"** ရယ်လို့လည်း၊ လွမ်းစာခွေဖြေသိမ့်ခဲ့ကြရသည်။ သဲပုံစေတီပူဇော်ပွဲများနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကလည်း သဒ္ဓါကြည်ဖြူ အလှူဒါနများအဖြစ် တပေါင်းလကို ကုသိုလ်အထိုထိုဖြင့် ဂုဏ်မြင့်ဝင့်ထည်နေစေသည်။

ရှေးခေတ်က တပေါင်းလ၏ထူးခြားသောဝိသေသများအပြင် ယခုခေတ်ကာလတွင်လည်း တပေါင်းလတွင် တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့(ဖက်ဆစ်များကို တော်လှန်ချေမှုန်းခဲ့သည့်တော်လှန်ရေးနေ့)များ၏ ဂုဏ်ထူးဝိသေသများလည်းရှိနေကြသည်။

ကောင်းမြတ်သော ဂုဏ်ပေါင်းစုံခနေကြသည့် တပေါင်းလနှင့် စပ်လျဉ်း၍ ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် မွန်မြတ်လှသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးများနှင့် ဘာသာသာသနာဩဝါဒကထာများကို စာ၊ ကဗျာ၊ ရတုအစုစု ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြသည်ဖြစ်ရာ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးကြရန် လိုအပ်လှသကဲ့သို့ ခေတ်သစ်တပေါင်းလ၏ ကောင်းကျိုးများကိုလည်း သယ်ပိုးထမ်းရွက်ပေးကြရန် လိုအပ်လှပါသည်။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## အချိန်ရှိခိုက် လုံ့လစိုက်

- အချိန်ကို တန်ဖိုးထားအောင်ကွဲ့
  လူသားများ သတိပြုစေ၊
  နာရီရယ် စက္ကန့်တိုင်းမို့
  မဆိုင်းလည်နေ၊
  တရွေ့ရွေ့ ဖြတ်သန်းပေ
  သိကြမိတ်ဆွေ ဘဝအတွက်၊
  လုံ့လနှောင် ဝီရိယတွဲလို့
  ဖွဲ့နှင့်ရှေ့ဆက်။


- ပန်းတိုင်ဆီရောက်ဖို့အတွက်
  ရည်မှန်းချက် ထားရန်ကွယ်၊
  ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့်
  ရှေးရှုရမယ်၊
  ဉာဏ်မစွမ်း နှီးနှောဖလှယ်
  လောကအလယ် အသွင်တင့်၊
  ဖွဲ့မာန်ထူ ဝီရိယနှင့်
  လုံ့လတွေဆင့်။

- အချိန်ကို သုံးချသင့်
  သတ္တိဖြင့် ထွန်းတောက်ပြောင်၊
  ကိုယ့်စွမ်းရည် စိတ်တန်ခိုးနှင့်
  နိုးကြားထုနှောင်၊
  ဆုံးဖြတ်ချက် မှန်ကန်အောင်
  လုပ်ဆောင်ပါ သူငယ်ချင်း၊
  ထိပ်ဆုံးကို ပန်းတိုင်ရောက်ဖို့
  ထိုးဖောက်စေမင်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း၊ ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## စစ်ရေးလေ့ကျင့်နေသည့် တောင်ကိုရီးယားတိုက်လေယာဉ်ကြဲချခဲ့သည့်ဗုံးများ အရပ်သားနယ်မြေပေါ်သို့ကျရောက်မှုကြောင့် လူ ၁၅ ဦး ဒဏ်ရာရရှိ



ဆိုးလ် မတ် ၆

စစ်ရေးလေ့ကျင့်သော တောင်ကိုရီးယားလေတပ်မှ တိုက်လေယာဉ်များ ကြဲချခဲ့သည့်ဗုံးများသည် အရပ်သားနယ်မြေတစ်ခုပေါ်သို့ မတော်တဆကျရောက်ခဲ့ရာ မြေပြင်ရှိလူ ၁၅ ဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားလေတပ်မှ စစ်လေယာဉ်များသည် ပိုချောင်အမည်ရှိ မြို့အနီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုပြုလုပ်နေချိန်တွင် ကေအက်ဖ်-၁၆ အမျိုးအစား တိုက်လေယာဉ်များ ကြဲချခဲ့သည့် အမ်ကေ-၈၂ အမျိုးအစားပေါင် ၅၀၀ ဗုံးများအနက် ရှစ်လုံးမှာ စက်ပစ်ကွင်းပြင်ပသို့ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားလေတပ်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဗုံးများနေရာမှားကျရောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပျက်စီးမှုများအတွက် ဒေသခံပြည်သူများကိုတောင်းပန်ကြောင်း တောင်ကိုရီးယားလေတပ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပိုချောင်မြို့သည် ဆိုးလ်မြို့၏ အရှေ့မြောက်ပိုင်း ၂၅ မိုင်အကွာ မြောက်ကိုရီးယား နယ်စပ်တွင် တည်ရှိသည့်မြို့ဖြစ်သည်။

ပိုချောင်မြို့ ဧရိယာအတွင်း ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများသည် မတ် ၃ ရက်တွင် စတင်ခဲ့ပြီး မတ် ၂၀ ရက်တွင် ပြီးဆုံးမည့် တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အကျုံးဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## သမ္မတပူတင်က အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် ဒါစီအက်ဗ်ကို ခန့်အပ်

မော်စကို မတ် ၆

အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် ဝါရင့်သံတမန် အလက်ဇန်းဒါး ဒါစီအက်ဗ်ကို ရုရှားသမ္မတ ပူတင်က ရွေးချယ်ခန့်အပ်ထားကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အလက်ဇန်းဒါး ဒါစီအက်ဗ်သည် အနောက်အုပ်စုနိုင်ငံများကို ပြောင်ပြောင်တင်းတင်း ဝေဖန်ရှုတ်ချတက်မှုကြောင့် ထင်ရှားသည့် ရုရှားသံအမတ်တစ်ဦးဖြစ်ကြောင်း သိရသည်။

အလက်ဇန်းဒါး ဒါစီအက်ဗ်သည် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ်လက်ခံရန် အမေရိကန်အစိုးရက သဘောတူထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အလက်ဇန်းဒါး ဒါစီအက်ဗ်သည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန မြောက်အမေရိကဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ မူဝါဒများပြောင်းလဲလာခဲ့ပြီး ယင်းစစ်ပွဲကို အဆုံးသတ်ရေးအတွက် ရုရှားအစိုးရနှင့်ထိတွေ့ဆက်ဆံမှုလမ်းစဉ်ကိုကျင့်သုံးလာချိန်တွင် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် အလက်ဇန်းဒါး ဒါစီအက်ဗ်ကို သမ္မတပူတင်က ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယခင် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အနာတိုလီ အင်တိုနော့ တာဝန်ပြီးဆုံးခဲ့သည့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ အမေရိကန်နိုင်ငံသို့ သံအမတ်အသစ် စေလွှတ်ရခြင်းမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO



## နိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ၏ခရီးစဉ် လုံခြုံရေးချိုးဖောက်ခံရမှု အိန္ဒိယဝေဖန်

ဒေလီ မတ် ၆

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ လန်ဒန်ခရီးစဉ်အတွင်း လုံခြုံရေးချိုးဖောက်ခံရမှုအတွက် အိန္ဒိယအစိုးရက ယနေ့တွင်ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ဆူဘရာမင် ဂျိုင်ရှန်ကာသည် မတ် ၄ ရက်က လန်ဒန်မြို့ရှိ ချက်သမ်ဟောက်စ်အဖွဲ့ဌာနချုပ်၌ မိန့်ခွန်းပြောကြားနေစဉ် ဆစ်ခ်ခွဲထွက်ရေး လှုပ်ရှားမှုဝါဒီများက အဆောက်အအုံရှေ့တွင် ဆန္ဒပြခဲ့ကြသည်။

ထို့ပြင် ဆန္ဒပြသမားများသည် ရဲတပ်ဖွဲ့၏ အတားအဆီးများကို ချိုးဖောက်၍ နိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ၏ မော်တော်ယာဉ်ရှေ့သို့ရောက်ရှိလာပြီး အိန္ဒိယအလံကို မီးရှို့ခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံက ဝေဖန်ရှုတ်ချခဲ့ပြီး ဗြိတိန်အနေဖြင့် သံခင်းတမန်ခင်းတာဝန်ဝတ္တရားများကိုလိုက်နာကျင့်သုံးပေးမည်ဟု မျှော်လင့်ကြောင်း သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ လန်ဒန်ခရီးစဉ်အတွင်း လုံခြုံရေးချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာသည် ခြောက်ရက်ကြာ ဗြိတိန်နှင့်အိုင်ယာလန်ခရီးစဉ်အဖြစ် လန်ဒန်မြို့သို့ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ယာဉ်မောင်းများ ခရီးသွားလာမှုနှုန်း စုစုပေါင်းမိုင် ၃ ဒသမ ၂၈ ထရီလီယံထိရှိခဲ့

ဝါရှင်တန် မတ် ၆

၂၀၂၄ခုနှစ်အတွင်း အမေရိကန်ယာဉ်မောင်းများ၏ ခရီးသွားလာမှုနှုန်းမှာ စံချိန်တင်မြင့်တက်လာခဲ့ပြီး ခရီးအကွာအဝေး စုစုပေါင်းမိုင် ၃ ဒသမ ၂၈ ထရီလီယံထိရှိခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ယာဉ်မောင်းများ ခရီးသွားလာမှုနှုန်းမှာ ၂၀၂၃ ခုနှစ်ကထက်မြင့်တက်လာခဲ့ပြီးခရီးအကွာအဝေး စုစုပေါင်းမှာ ၃ ဒသမ ၂၈ ထရီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ယာဉ်မောင်းများ မောင်းနှင်ခဲ့ကြသော ခရီးအကွာအဝေးစုစုပေါင်းမှာ ကိုဗစ်-၁၉ ကပ်ဘေးမတိုင်မီ ၂၀၁၉ ခုနှစ်အတွင်းမောင်းနှင်ခဲ့သည့် ခရီးအကွာအဝေးကို ပထမဆုံး ကျော်လွန်ခဲ့ကြောင်း အမေရိကန်အစိုးရသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ယာဉ်မောင်းများအနေဖြင့် ၂၀၂၃ ခုနှစ်ကထက် ခရီးအကွာအဝေး မိုင်ပေါင်း ၃၂ ဒသမ ၃ ထရီလီယံထိ ပိုမိုမောင်းနှင်ခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာလအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း ကားလမ်းများပေါ်တွင် ခရီးသွားလာမှုများ ကျဆင်းခဲ့သည်။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ဘေးပြီးဆုံးပြီးနောက် အမေရိကန်နိုင်ငံတစ်ဝန်း ကားလမ်းများပေါ်၌ ခရီးသွားလာမှု မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua

## ရုရှားတွင်ရိုက်နှိပ်ထားသည့် ဆီးရီးယားငွေစက္ကူများ ဒမတ်စကပ်လေဆိပ်သို့ ထပ်မံရောက်ရှိ



ဒမတ်စကပ် မတ် ၆

ရုရှားနိုင်ငံ၌ ရိုက်နှိပ်ထားသည့် ဆီးရီးယားငွေစက္ကူသစ်များကို မတ် ၅ ရက်တွင် ထပ်မံ လက်ခံရရှိခဲ့ကြောင်း ဆီးရီးယားအစိုးရသစ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုရှား၌ ရိုက်နှိပ်ထားသော ဆီးရီးယား ပေါင်ငွေစက္ကူသစ်များ ဆီးရီးယားသို့ ထပ်မံရောက်ရှိလာမှုသည် ရုရှားအစိုးရနှင့် ဆီးရီးယားအစိုးရသစ်တို့ကြား ဆက်ဆံရေးတိုးတက်လာမှုလက္ခဏာဖြစ်သည်။

ဒမတ်စကပ်မြို့ လေဆိပ်သို့ လေကြောင်းမှရောက်ရှိလာမည့် အဆိုပါဆီးရီးယားပေါင်ငွေစက္ကူများသည် သမ္မတဟောင်း အာဆက်လက်ထက်ကပင် ရုရှားငွေစက္ကူပုံနှိပ်ကုမ္ပဏီတစ်ခုထံ အပ်နှံထားသည့် ငွေစက္ကူများဖြစ်သည်။

ရုရှားနိုင်ငံမှ ထပ်မံရောက်ရှိလာသော ဆီးရီးယားပေါင်ငွေစက္ကူများကို ကုန်တင်ကားများဖြင့် ဗဟိုဘဏ်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း ဆီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံသည် ၁၃ နှစ်ကြာ ပြည်တွင်းစစ်ကာလအတွင်း ဆီးရီးယားပေါင်ငွေစက္ကူများကို ရုရှားနိုင်ငံ၌ပင် ရိုက်နှိပ်ခဲ့ရသည်။


ယခင်က ဆီးရီးယားနိုင်ငံသည် ပေါင်ငွေစက္ကူများကို ဩစတြီးယား ဗဟိုဘဏ်လက်အောက်ခံကုမ္ပဏီတစ်ခုဖြင့် ရိုက်နှိပ်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အဒိတြာအယ်လ်-၁ နေလေ့လာရေးအာကာသယာဉ်က နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့



**နယူးဒေလီ မတ် ၆**

အိန္ဒိယ အမျိုးသားအာကာသအေဂျင်စီ၏ အဒိတြာအယ်လ်-၁ နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

အဒိတြာအယ်လ်-၁ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့်မိုင်တစ်သန်းခန့်အကွာတွင်နေရာယူ၍ နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုများကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။

နေမျက်နှာပြင်ပေါ်ရှိ သံလိုက်စက်ကွင်းနယ်မြေများ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် နေမီးလျှံများပေါ်ထွက်လာတတ်ရာ ၎င်းဖြစ်စဉ်များကို နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

အဆိုပါ နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုများကို အဒိတြာအယ်လ်-၁ အာကာသယာဉ်က အသေးစိတ်ကျကျ လေ့လာနိုင်ခဲ့ပြီး ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဒိတြာအယ်လ်-၁ အာကာသယာဉ်သည် အိန္ဒိယအာကာသအေဂျင်စီ၏ ပထမဆုံးနေလေ့လာရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအမျိုးသားအာကာသအေဂျင်စီသည် အဒိတြာအယ်လ်-၁ နေလေ့လာရေးအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Colossal Biosciences ကုမ္ပဏီက အမွေးထူဆင်ကြီးများ၏မျိုးဗီဇအခြေခံမော်လီကျူးအသုံးပြု၍ ကမ္ဘာ့ပထမဆုံးအမွေးထူကြွက်များကို ဖန်တီးနိုင်ခဲ့

**ဝါရှင်တန် မတ် ၆**

အမေရိကန်နိုင်ငံ အခြေစိုက် Colossal Biosciences ကုမ္ပဏီသည် အမွေးထူဆင်ကြီးများ၏ မျိုးရိုးဗီဇ အခြေခံမော်လီကျူး (DNA) များကိုအသုံးပြု၍ ကမ္ဘာ့ပထမဆုံးအမွေးထူကြွက်များကို ဖန်တီးနိုင်ခဲ့ကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

ကမ္ဘာ့ပထမဆုံး အမွေးထူကြွက်များကို ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ဖန်တီးနိုင်ခဲ့မှုသည် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော ရှေးသက်ရှိသတ္တဝါများကို ပြန်လည်ဖန်တီးရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း Colossal Biosciences ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

Colossal Biosciences သိပ္ပံပညာရှင်များသည် အမွေးထူဆင်ကြီးများ၏ DNA ကိုအသုံးပြု၍ ကြွက်များ၏ အဓိက DNA ရှစ်မျိုးကို မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့်ပြောင်းလဲပေးကာ အမွေးထူကြွက်များကို ဖန်တီးနိုင်ခဲ့သည်။



Colossal Biosciences ကုမ္ပဏီသည် ကမ္ဘာပေါ်မှပျောက်ကွယ်သွားပြီဖြစ်သော အမွေးထူဆင်ကြီးများကို ပြန်လည်ဖန်တီးရေးအတွက် ကြိုးပမ်းနေသော ဇီဝနည်းပညာကုမ္ပဏီဖြစ်သည်။

အမွေးထူကြွက်များအား ဖန်တီးခဲ့သော မျိုးဗီဇအင်ဂျင်နီယာနည်းပညာကို အမွေးထူဆင်ကြီးများ ပြန်လည် ဖန်တီးရေးအတွက် အသုံးချနိုင်ကြောင်း၊ အမွေးထူဆင်ကြီးများကို ၂၀၂၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖန်တီးနိုင်ရန်မျှော်လင့်ထားကြောင်း ကုမ္ပဏီသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ စူးစမ်းလေ့လာရေးစနစ် နှစ်ခုကို စွမ်းအင်ချွေတာနိုင်ရေးအတွက် ပိတ်ထားရန် နာဆာစီစဉ်

**ဝါရှင်တန် မတ် ၆**

စွမ်းအင် ချွေတာနိုင်ရေး အတွက် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ စူးစမ်းလေ့လာရေးစနစ်နှစ်ခုကို ပိတ်ထားရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း မတ် ၅ ရက် သတင်းများအရ သိရသည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ်တွင် တပ်ဆင်ထားသော စွမ်းအင်ဆောင် အမှုန်များနှင့် စကြဝဠာရောင်ခြည်တိုင်းတာရေးစနစ်ကို ယခုလကုန်ပိုင်းတွင် စတင်ပိတ်ထားမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ပြီးခဲ့သည့်သီတင်းပတ်ကလည်း ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏ စကြဝဠာရောင်ခြည် တိုင်းတာရေးစနစ်ကို ပိတ်ထားခဲ့ပြီးဖြစ်သည်။

ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်တို့၏မစ်ရှင်သက်တမ်းများကို ဆက်တိုးနိုင်ရေးအတွက် အာကာသယာဉ်များ၏ စွမ်းအင်သုံးစွဲမှုကို လျှော့ချရန်လိုကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်တို့သည် လက်ရှိအချိန်တွင် ကြယ်တာရာ ဟင်းလင်းပြင်အတွင်း ရောက်ရှိနေပြီဖြစ်ပြီး ၎င်းတို့တွင် ကြယ်တာရာ ဟင်းလင်းပြင်နယ်မြေ လေ့လာစူးစမ်းရေးစနစ် သုံးခုစီရှိနေသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကလေးများ အစားအစာနှင့်ဓာတ်မတည့်မှုကို ပန်းနာရင်ကျပ်ထိုးဆေးတစ်မျိုးဖြင့် ကုသနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၆**

ပန်းနာရင်ကျပ်ရောဂါ ထိုးဆေးတစ်မျိုးသည် ကလေးများ ရင်ဆိုင်ရတတ်သည့် အစားအစာ ဓာတ်မတည့်မှုပြဿနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မတ် ၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အစားအစာ ဓာတ်မတည့်မှုပြဿနာ ရှိနေသော ကလေးများကို Omalizumab (Xolair) ခေါ် ပန်းနာရင်ကျပ်ထိုးဆေးဖြင့် တစ်နှစ်ကြာ စမ်းသပ်ကုသခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သည့်ကလေးများအနက် ၃၆ ရာခိုင်နှုန်းမှာ Omalizumab ဆေးဖြင့် ကုသမှုခံယူပြီးနောက် ၎င်းတို့နှင့်မတည့်သည့် အစားအစာများကို အပြည့်အဝစားသောက်နိုင်စွမ်းရှိလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Omalizumab ဆေးဖြင့် ရေတိုသာ ကုသပေးပြီးနောက်ပိုင်းတွင် ခုခံအားစနစ် သောက်ဆေးများဖြင့် ကုသမှုခံယူခဲ့ကြသည့် ကလေးများအနက် ၁၉ ရာခိုင်နှုန်းသာ ၎င်းတို့နှင့်မတည့်သည့် အစားအစာများကိုပြန်လည်စားသောက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကလေးများ အစားအစာနှင့် ဓာတ်မတည့်မှုကို ကုသရာတွင် Omalizumab ထိုးဆေးက ခုခံအားစနစ် သောက်ဆေးများထက် ပို၍ထိရောက်မှုပိုရှိသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်သူထက်ဝက်ကျော် အဝလွန်လာနိုင်

**နယူးယောက် မတ် ၆**

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်သူစုစုပေါင်းအနက် ထက်ဝက်ကျော်တို့မှာ အဝလွန်သူများဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်းရှိ ကလေး၊ ဆယ်ကျော်သက်နှင့် လူငယ် စုစုပေါင်း၏ သုံးပုံတစ်ပုံတို့မှာလည်း အဝလွန်သူများဖြစ်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားထားသည်။

သို့ရာတွင် ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ တွေ့ကြုံရနိုင်သည့် အဝလွန်မှုပြဿနာကို ကိုင်တွယ်ရေးအတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် အချိန်ရသေးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်သူ အမျိုးသားတစ်ဘီလီယံနှင့် အမျိုးသမီး ၁ ဒသမ ၁၁ ဘီလီယံအနက် ထက်ဝက်နီးပါးမှာ ပုံမှန်ထက် ကိုယ်အလေးချိန်လွန်ကဲနေသူ သို့မဟုတ် အဝလွန်သူများ ဖြစ်နေကြောင်း သိရသည်။

လက်ရှိနှုန်းထားအတိုင်းဆိုပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် အရွယ်ရောက်အမျိုးသားလူဦးရေ၏ ၅၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် အမျိုးသမီးလူဦးရေ၏ ၆၀ ဒသမ ၃ ရာခိုင်နှုန်းမှာ အဝလွန်သူများဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

ML

**ပဲလေ့စ် Vs အစ်ဝှစ်**

ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၅ (ည ၂၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အစ်ဝှစ် ၀ - ၁ ပဲလေ့စ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| အစ်ဝှစ် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(သရေ) |

နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရထားတဲ့ ပဲလေ့စ်ဟာ တိုက်စစ်ကစားပုံထက်မြက်နေပြီး သွင်းဂိုး ကိုးဂိုးထိ သွင်းယူခဲ့တာဖြစ်ပါတယ်။ အစ်ဝှစ်အသင်းကတော့ တန်ပြန်တိုက်စစ်ကောင်းပေမဲ့ ခံစစ်ပိုင်း စိတ်မချရတာကြောင့် နောက်ဆုံးသုံးပွဲမှာ ရှစ်ဂိုးထိပေးခဲ့ရပြီး စုဖွဲ့မှုမှာလဲ ပဲလေ့စ်ကို ယှဉ်လို့မရလို့ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ပဲလေ့စ် ၂ - ၁ အစ်ဝှစ်

## အီတလီစီးရီးအေ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

ML

**ကိုမို Vs ဗင်နီဇီယာ**

ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၅ (ည ၂၀း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဗင်နီဇီယာ ၂ - ၂ ကိုမို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဗင်နီဇီယာ | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |

ကိုမိုဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ရိုးမားကို တစ်ယောက်လျော့နဲ့ ကစားခဲ့ရလို့ ရှုံးခဲ့ပေမဲ့ ကစားပုံကျဆင်းသွားခြင်းမရှိဘဲ ဖိအားပေးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဗင်နီဇီယာကတော့ အတ္တလန်ကို သရေကစားနိုင်ခဲ့ပေမဲ့ အခုရာသီ အဝေးကွင်း ၁၄ ပွဲမှာ တစ်ပွဲမှနိုင်ပွဲမရခဲ့ဘဲ အဝေးကွင်းကစားပုံဆိုးရွားနေတာဖြစ်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရနေပြီး အသင်းလိုက်ကစားပုံကောင်းနေတဲ့ ကိုမိုအသင်းကို ရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် - ကိုမို ၁ - ၀ ဗင်နီဇီယာ

## အားကစားသတင်းအတိုအထွာများ

- လာဇီယိုအသင်းသို့ အငှားချထားသည့် တာဗာနီယာကို အပြီးသတ်ဝယ်ယူခွင့် ယူရိုငါးသန်းသာ သတ်မှတ်ထားသောကြောင့် ကစားသမား၏ ဈေးကွက်တန်ဖိုးမှာ ယူရို ၆၅ သန်းထိ ရှိနေသဖြင့် အာဆင်နယ်အသင်းအနေဖြင့် ကစားသမားအတွက် ယူရို သန်း ၆၀ ထိ ဆုံးရှုံးမည်ဖြစ်ကြောင်း သိရသည်။
- လာမည့်နွေရာသီတွင် ကစားသမားသစ်ခေါ်ယူမှု ပြုလုပ်လိုသည့်အတွက် အသင်းဘဏ္ဍာငွေတိုးတက်စေရန် တိုက်စစ်ကစားသမား ထရိုဆာ့ဒ်ကို အရောင်းစာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။
- အမျိုးသမီး ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၂၆ ခုနှစ်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မတ် ၅ ရက်တွင် အစည်းအဝေးပြုလုပ်ပြီးနောက် လာမည့် ၂၀၂၈ ခုနှစ်မှသာ ကျင်းပသွားရန်ဆုံးဖြတ်ချက်ချခဲ့သည်။

ML

## ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဦးဆောင်ဂိုးရရှိချိန်၌ အောင်ပွဲခံမှုကြောင့် ဂိုးသမားနူအာ ခြေသလုံးကြွက်သား ဒဏ်ရာရရှိ



**ဘာလင် မတ် ၆**

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း အဆင့်တွင် ဘိုင်ယန်မြူးနစ် အသင်းနှင့် လေဗာကူဆင်အသင်းတို့ ကစားခဲ့ရာ ဘိုင်ယန်မြူးနစ် အသင်းက ဒုတိယဦးဆောင်ဂိုး သွင်းယူချိန်၌ အောင်ပွဲခံခဲ့သည့် ဂိုးသမားနူအာသည် ဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲထွက်ခွာခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် အသက် ၃၈ နှစ်ရှိ ဂိုးသမားနူအာသည် ဘိုင်ယန်မြူးနစ် အသင်းအတွက် ၅၅၄ ပွဲမြောက် ပါဝင်ကစားခဲ့ရာ ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်အရောက်တွင် အသင်းဖော်ကစားသမား မူဆီအာလာက အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူပေးခဲ့သဖြင့် အောင်ပွဲခံမှုပြုလုပ်ခဲ့ရာ ခြေသလုံးကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် ပွဲချိန် ၅၈ မိနစ်တွင် အသင်းဖော်ဂိုးသမား အာဘစ်နှင့် လူစားလဲထွက်ခွာခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေသော်လည်း ရက်သတ္တပတ် အနည်းငယ် အနားယူရမည်ဖြစ်သောကြောင့် လာမည့် ရက်သတ္တပတ်တွင် ကစားရမည့် ဒုတိယအကျော့ပွဲစဉ်ကို လွဲချော်ရန် သေချာလျက်ရှိသည်။

နည်းပြကွန်ပနီက "နူအာ အနေနဲ့ အသင်းအတွက် အောင်ပွဲခံမှုပြုလုပ်ချိန်မှာ ကြွက်သားဒဏ်ရာရရှိခဲ့တာပါ။ အသင်းအနေနဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဟယ်ရီကိန်း၊ မူစီအာလာ၊ ကီမစ်ချ်တို့ ပါဝင်နိုင်ခြင်းမရှိချိန်မှာလဲ ပုံစံကောင်းကို ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ဂိုးသမားနူအာ မရှိချိန်မှာလဲ စွမ်းဆောင်ရည်ကျဆင်းတာမျိုးမရှိခဲ့ပါဘူး။ အခုတစ်ကြိမ် နူအာကို ထပ်မံလက်လွှတ်ရအုံးမှာဖြစ်ပေမဲ့ အသင်းရဲ့ အကောင်းဆုံးပုံစံတွေကို ဆက်လက်ပြသသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

## ဘာစီလိုနာအသင်းက အဓိကလူငယ်ကစားသမား ယာမယ်ကို ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**ဘာစီလိုနာ မတ် ၆**

ဘာစီလိုနာအသင်းက အသင်းမှ အဓိက လူငယ်တိုက်စစ်ကစားသမား ယာမယ်ကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဟု အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်က အတည်ပြုခဲ့သည်။

အသက် ၁၇ နှစ်သာရှိသေးသည့် လမိုင်းယာမယ်သည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က နည်းပြဟောင်း ဇာဗီ တာဝန်ယူကိုင်တွယ်စဉ်က အသင်းကြီးထံ ခေါ်ဆောင်ခြင်းခံခဲ့ရပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ ထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ခုနစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

လမိုင်းယာမယ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းတွင်သာမက စပိန်အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး စပိန်အသင်း ယူရို ၂၀၂၄ ဖလားကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။



လက်ရှိ ဘာစီလိုနာအသင်းနှင့် ယာမယ်တို့၏ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၆ ခုနှစ် ဇွန်လထိ ကျန်ရှိနေသေးသော်လည်း ဘာစီလိုနာအသင်းက အဓိက ကစားသမားတစ်ဦးကို အသင်းတွင် ရေရှည်ထိန်းသိမ်းထားလိုသည့်အတွက် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : Fabrizio Romano

Trs : STA

## ခံစစ်ကစားသမား ဘော့မန်း ဒဏ်ရာခွဲစိတ်မှုကြောင့် ကွာရာဘောင်းဖလား ဗိုလ်လုပွဲကို လွဲချော်မည်



**လန်ဒန် မတ် ၆**

ခံစစ်ကစားသမား ဘော့မန်းသည် ဒူးဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသောကြောင့် လာမည့် ဗုဒ္ဓဟူးနေ့တွင် လီဗာပူးအသင်းနှင့်ကစားမည့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရပြီး ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဟု နယူးကာဆယ်အသင်းက ထုတ်ပြန်ခဲ့သည်။

ဘော့မန်းသည် အရွတ်ထိခိုက်ဒဏ်ရာကြောင့် ၁၀ လခန့် အနားယူခဲ့ပြီးနောက် ဇန်နဝါရီလက အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ဒူးဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် အသင်း၏ ပွဲစဉ်ခြောက်ပွဲခန့် လွဲချော်ခဲ့ပြီး ယခုအခါ ဒဏ်ရာအခြေအနေမှာ သက်သာခြင်းမရှိ၍ စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ပြင်းထန်မှုမရှိသော်လည်း ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမားသည် နယူးကာဆယ်အသင်း ခံစစ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသော်လည်း ယခုရာသီတွင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲစုံ ငါးပွဲသာ ပါဝင်ခွင့်ရခဲ့ပြီး လက်ရှိတွင် ဒဏ်ရာခွဲစိတ်ကုမှု ခံယူခဲ့ရသဖြင့် ရက်သတ္တပတ်အနည်းငယ် ထပ်မံအနားယူရမည်ဖြစ်ကာ လာမည့် ဗုဒ္ဓဟူးနေ့တွင်ကစားမည့် ကွာရာဘောင်းဖလားပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိနယူးကာဆယ်အသင်းတွင် တိုက်စစ်မှူး ဂေါ်ဒွန်သည် ဘရိုက်တန်အသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်တွင် အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံရ၍လည်းကောင်း၊ လီးဝစ်ဟောလ်သည် ခြေဖဝါး ဒဏ်ရာကြောင့် ရာသီကုန်ထိ အနားယူရ၍လည်းကောင်း၊ ဘော့မန်းသည်လည်း ဒဏ်ရာခွဲစိတ်ကုသမှုကြောင့် လည်းကောင်း လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်နိုင်မည် မဟုတ်သောကြောင့် နယူးကာဆယ် အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# MNL 2 Promotion Amateur Club Tournament 2025 ပွဲစဉ်မဲခွဲရေးဆွဲခြင်းနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ




**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည့် အသင်းနှစ်သင်းကို စိစစ်ရွေးချယ်မည့် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲအတွက် ပွဲစဉ်မဲခွဲရေးဆွဲခြင်းနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်မှ ဒုတိယအကြိမ်မြောက် ကျင်းပသည့် MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပွဲစဉ်ဇယားရေးဆွဲသွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် MFF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်နှင့် MFF ဆေးမှူးချုပ် ဒေါက်တာ အောင်ကျော်ဦးတို့က အုပ်စုပွဲစဉ်များအား မဲနှိုက်ရေးဆွဲပေးခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ သင်းအား တစ်သင်းချင်းစီအလိုက် မိတ်ဆက်ခြင်း၊ သတင်းစာရှင်းလင်းပွဲတွင် သတင်းများမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲတာဝန်ရှိသူများ ဖြေကြားမှုများပြုလုပ်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MNL 2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲတွင် အုပ်စု(က)၌ Young Boy၊ Zan United၊ Enjoy Brother FC၊ Happy Friendship FC၊ W United FC နှင့် Asia Lions FC အသင်းတို့ ပါဝင်နေပြီး အုပ်စု(ခ)တွင် TKG Hmawbi FC၊ အင်းစိန်စီးတီး အက်ဖ်စီ၊ YRFA FC၊ 10/Mon FC နှင့် မြရောအသင်းတို့ ပါဝင်နေသည်။

ယခုပြိုင်ပွဲမှ ဗိုလ်လုပွဲတက်မည့် နှစ်သင်းအနေဖြင့် Myanmar National League II 2025 အမှတ်ပေးပြိုင်ပွဲသို့ တန်းတက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပြိုင်ပွဲကို မတ်လ ၁၄ ရက်မှ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကာ အုပ်စုအဆင့်ပွဲစဉ်များကို M-3 ဗဟန်းမြက်ခင်းတုကွင်း၊ TG-2 (သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၂) နှင့် ဗိုလ်လုပွဲစဉ်အား သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက ပရိသတ်ဦးရေ ၈၅၀၀၀ ဝင်ဆံ့နိုင်အောင် ဘာနေဗျူးကွင်းကို တိုးချဲ့မှုများ လုပ်ဆောင်မည်

**မက်ဒရစ် မတ် ၆**

ရီးရဲလ်မက်ဒရစ် အသင်းက လက်ရှိအိမ်ကွင်းအဖြစ် အသုံးပြုနေသည့် ဘာနေဗျူးအားကစားကွင်းကို ပရိသတ်ဦးရေ ၈၅၀၀၀ ထိ ဝင်ဆံ့နိုင်သည့် အားကစားကွင်းဖြစ်အောင် ကွင်းတိုးချဲ့မှုများလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စတာလင်ပေါင် ၁ ဒသမ ၅ ဘီလီယံထိ အကုန်ကျခံကာ ကွင်းအဆင့်မြှင့်တင်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် အဆင့်မြှင့်တင်မှုများ ရာနှုန်းပြည့် လုပ်ဆောင်ခဲ့ပြီး လက်ရှိအချိန်ထိ အသုံးပြုနေခြင်းဖြစ်သည်။

သို့သော် ရီးရဲလ်မက်ဒရစ်အသင်းက အိမ်ကွင်း ဘာနေဗျူးကစားကွင်းကို နောက်ထပ်တိုးချဲ့မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိ ပရိသတ်ဦးရေ ၇၉၀၀၀ ဝင်ဆံ့ရာမှ ပရိသတ်ဦးရေ ၈၅၀၀၀ ထိ ဝင်ဆံ့နိုင်ရန်အတွက် ကွင်းတိုးချဲ့မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

စပိန်နိုင်ငံသည် လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မော်ရိုကိုနိုင်ငံ၊ ပေါ်တူဂီနိုင်ငံတို့နှင့်အတူ ပူးတွဲကျင်းပခွင့်ရရှိထားပြီး ဗိုလ်လုပွဲစဉ်ကို လက်ခံကျင်းပခွင့်ရရှိရေး ပရိသတ်များများဝင်ဆံ့ရန် လိုအပ်သည့်အတွက် နောက်ထပ်ကွင်းတိုးချဲ့မှုများ လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ကွင်းတိုးချဲ့မည့်စီမံကိန်းကို ၂၀၃၀ ပြည့်နှစ်မပြီးဆုံးမီ အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်သည်။



ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများတွင် ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်ကို လက်ခံကျင်းပမည့် အားကစားကွင်းအနေဖြင့် အနည်းဆုံး ပရိသတ်ဦးရေ ၈၀၀၀၀ ဝင်ဆံ့ရန်လိုအပ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ပရိသတ်ဦးရေ ၈၅၀၀၀ ဝင်ဆံ့နိုင်သည့် အားကစားကွင်းအဖြစ် တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Indian Wells တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိုဆာကာက အိုဆိုရီယိုကို ရှုံးနိမ့်

**အင်ဒီယန်းဝဲလ်စ် မတ် ၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီယန်းဝဲလ်စ်မြို့တွင်ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ဖူးသည့် ဂျပန်တင်းနစ်မယ် အိုဆာကာနှင့် ကိုလံဘီယာတင်းနစ်မယ် အိုဆိုရီယိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိုဆိုရီယိုက (၆-၄ ၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာကာအနေဖြင့် ယခင်က ပုံစံကောင်း ပျောက်ဆုံးနေချိန်၌ တစ်ကြိမ်တစ်ခါမှ ယခုကဲ့သို့ ပထမအဆင့်မျိုးတွင် ပြုတ်သွားသည့် ရလဒ်မျိုးဖြင့် ရှုံးနိမ့်ခဲ့ဖူးခြင်းမရှိသည့် တင်းနစ်မယ်တစ်ဦးဖြစ်သည်။

အိုဆာကာက "ဒီပွဲစဉ်ကတော့ တင်းနစ်လောကမှာ ကျင်လည်လာခဲ့တဲ့ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး ရှုံးနိမ့်မှုဖြစ်ပါတယ်။ ဒီလောက် စိတ်ပျက်စရာကောင်းတဲ့ စွမ်းဆောင်ရည်မျိုးနဲ့ ကစားနိုင်ခဲ့တာလည်း ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာဆိုရင် စပေးဘောက အရမ်းကို အားနည်းခဲ့တယ်။ စပေးဘောနည်းစနစ်အသစ်နဲ့ ပြန်ကျင့်နေတာကလည်း သိပ်မကြာသေးသလို စပေးဘောလေ့ကျင့်တာ အချိန်နည်းသွားလို့လည်း အခုလို စိတ်ပျက်စရာကောင်းတဲ့ရလဒ်မျိုး ထွက်ပေါ်လာခဲ့တာပါ။ ကစားသမားတိုင်းကတော့ ပါဝင်ယှဉ်ပြိုင်တဲ့ ပွဲစဉ်တိုင်းကို အနိုင်ရချင်သလို ဖိုင်နယ်အဆင့်အထိ အဆင့်ဆင့်ကျော်ဖြတ်ခွင့်ရချင်ကြတယ်။ ကျွန်မလည်း ဒီလိုဖြစ်ချင်တယ်။ ဒါပေမဲ့ စွမ်းဆောင်ရည်ပိုင်းက အရမ်းကို စိတ်ပျက်စရာကောင်းခဲ့ပါတယ်။ ဒီပွဲစဉ်ကို ကြည့်ရှုနေတဲ့ ကျွန်မရဲ့ ပရိသတ်တွေကို တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ်(၂၇) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs အိုဆာဆူနာ**

ကစားမည့်ရက်/အချိန် ၉-၃-၂၀၂၅ (နံနက် ၀၂:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အိုဆာဆူနာ ၄ - ၂ ဘာစီလိုနာ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| အိုဆာဆူနာ | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

ချန်ပီယံဆုအတွက်အားပြိုင်နေရတဲ့ ဘာစီလိုနာအသင်းအတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အများခံမှာမဟုတ်ပါဘူး။ အိုဆာဆူနာအသင်းကတော့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ဘာစီလိုနာအသင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းပါ အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘာစီလိုနာ ၂ - ၀ အိုဆာဆူနာ

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၅) ပွဲကြိုသုံးသပ်ချက်

STA

**လေဗာကူဆင် Vs ဝါဒါဘရီမင်**

ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၅ (ည ၉:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝါဒါဘရီမင် ၂ - ၂ လေဗာကူဆင်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ဝါဒါဘရီမင် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

လေဗာကူဆင်အသင်းအတွက် လက်ရှိခြေစွမ်းပိုင်းနဲ့ အိမ်ကွင်းမှာ ဝါဒါဘရီမင်အသင်းကို အနိုင်ရယူဖို့အတွက်ကတော့ ခက်ခဲမှာမဟုတ်ပါဘူး။ သုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ ဝါဒါဘရီမင်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အတော်လေးဆိုးရွားနေလို့ အဝေးကွင်းမှာ ရုန်းကန်ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - လေဗာကူဆင် ၃ - ၀ ဝါဒါဘရီမင်

# ဒဏ်ရာမှပြန်လည်သက်သာလာသဖြင့် Arnold Palmer Invitational ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ရှောင်ဖီလီပြောကြား

**နယူးယောက် မတ် ၆**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီသည် ညာဘက်နံရိုးဒဏ်ရာရရှိခဲ့ခြင်းကြောင့် နှစ်လကျော်အထိ အနားယူခဲ့ရပြီးနောက် ဒဏ်ရာအားလိုအပ်သော ဆေးကုသမှုများ ပြုလုပ်ခဲ့ပြီး ဒဏ်ရာသက်သာလာ၍ လေ့ကျင့်ခန်းအစီအစဉ်များ စတင်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ရှောင်ဖီလီသည် ကျင်းပသွားမည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ရှောင်ဖီလီက "ဒဏ်ရာကြောင့် အနားယူနေရတဲ့အချိန်မှာ ပြိုင်ပွဲတွေကို အရမ်းလွမ်းတယ်။ အခုပြန်ကစားနိုင်ပြီဖြစ်လို့ အရမ်းဝမ်းသာပါတယ်။ ပြိုင်ပွဲပြန်ဝင်ခွင့်ရတော့မဲ့အခြေအနေဟာ အိပ်မက်မက်နေသလား ဆိုတာမျိုးအထိတော့ မပြောလိုပေမဲ့လည်း စိတ်ထဲမှာ အဲ့ဒီအတိုင်းကိုဖြစ်နေတယ်။ Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်။ Bay Hill Club ဂေါက်ကွင်းဟာ ကျွန်တော် အရမ်းသဘောကျတဲ့ ဂေါက်ကွင်းဖြစ်သလို ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက် ကစားသမားတော်တော်များများကလည်း ဒီဂေါက်ကွင်းမှာ ကစားရတာကို အရမ်း သဘောကျပါတယ်။ ကျွန်တော့်အနေနဲ့ ကာလရှည်နားခဲ့ရပြီး ပွဲဦးထွက်မှာ အောင်မြင်မှုရဖို့ ခက်ခဲမယ်ဆိုပေမဲ့လည်း အကောင်းဆုံးကြိုးစားကစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhau

Trs : AZL

# ဆိတ်မွေးမြူရေး

ဒေါက်တာခင်နန္ဒာစိုး(မွေး/ကု)

နိုင်ငံတစ်နိုင်ငံ၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆိတ်မွေးမြူရေးသည် ဦးစားပေးရွေးချယ်သင့်သော စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးကို များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်သည်။ ဆိတ်သည် အခြားသော အသားစားကြက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေးနှင့် နို့စားနွား၊ အသားစားနွားမွေးမြူရေးတို့ထက် အစာကုန်ကျစရိတ်သက်သာသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ပြင် အခြားသော တိရစ္ဆာန်များထက် ရာသီဥတုဒဏ်ကို ခံနိုင်သည့်အပြင် အချိန်တိုကာလအတွင်း ကောင်ရေတိုးပွားမှု လျင်မြန်စေသောကြောင့်လည်းဖြစ်သည်။ ဆိတ်မွေးမြူရေး၏အားသာချက်မှာ မြန်မာနိုင်ငံတွင် ဆိတ်သားဈေးနှုန်းသည် အခြားသောအသားဈေးနှုန်းများထက် မြင့်မားနေခြင်းကြောင့် အရှုံးနည်း၍ အမြတ်များသော စီးပွားဖြစ်ထွန်းစေသည့် လုပ်ငန်းတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ဆိတ်မွေးမြူရာတွင် ဒေသနှင့်ကိုက်ညီပြီး အသားအထွက်နှုန်းကောင်းသော ဆိတ်မျိုးကောင်း၊ မျိုးသန့်များကို ရွေးချယ်မွေးမြူရန် လိုအပ်သည်။ မျိုးရွေးချယ်ရာတွင် ကြီးထွားနှုန်းကောင်းခြင်း၊ သားပေါက်နှုန်းကောင်းပြီး မွေးမြူမည့်နေရာဒေသ၏ ရာသီဥတုနှင့် အကိုက်ညီဆုံးသော ဆိတ်မျိုးကို ဦးစားပေးရွေးချယ်ရမည်။ မြန်မာနိုင်ငံအတွင်း ယခုလက်ရှိ မွေးမြူလျက်ရှိသော ဆိတ်မျိုးများမှာ ထိန်စမ်း၊ ဂျိတ်နီ၊ ဝေသာလီနှင့် ဘိုဝါဆိတ်မျိုးများဖြစ်သည်။ ထိန်စမ်းဆိတ်မျိုးသည် ခန္ဓာကိုယ်ထွားကြိုင်းပြီး ဦးခေါင်းမဲ၊ နှာခေါင်းပိုင်းဖြူ ခန္ဓာကိုယ်အဖြူပေါ်တွင် အနက်ကွက်များရှိပြီး မုတ်ဆိတ်နှင့်တွဲလောင်းကျသောနားရွက်များ ပိုင်ဆိုင်ထားသော ဆိတ်မျိုးများဖြစ်သည်။ ဆိတ်အထီး၏ ကိုယ်အလေးချိန်မှာ ကီလို ၅၀ နှင့် အမမှာ ၂၉ ကီလိုခန့်ရှိပြီး မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ နတ်မောက်မြို့နယ်တို့တွင် အများဆုံးမွေးမြူလေ့ရှိကြသည်။

ဂျိတ်နီဆိတ်မျိုးသည် အရွယ်အစားကြီးမားပြီး နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင်ရှိသည်။ နားရွက်သည် အလယ်အလတ်ရှည်ကာ အထီးသည် ၄၅ ကီလိုရှိပြီးအမမှာ ၄၂ ကီလိုခန့်ရှိသည်။ များသောအားဖြင့် ဂျိတ်နီဆိတ်မျိုးများကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်များတွင် မွေးလေ့ရှိကြသည်။ ဝေသာလီဆိတ်မျိုးသည် အလုံးအထည်သွယ်ပြီး အမွေးအရောင်မှာ အညိုအနက်ဘက် နွယ်သည်။ အထီးသည် ၃၈ ကီလိုရှိပြီး အမသည် ၃၂ ကီလိုခန့်ရှိသည်။ ဝေသာလီဆိတ်မျိုးများကို မကွေးမြို့၊ ပခုက္ကူမြို့၊ ပေါက်မြို့၊ မြိုင်မြို့တို့တွင် မွေးမြူလေ့ရှိကြသည်။ ဘိုဝါဆိတ်မျိုးများသည် မူလဒေသတောင်အာဖရိကမှ ဆင်းသက်လာသော နိုင်ငံခြားဆိတ်မျိုးများဖြစ်ပြီး ခန္ဓာကိုယ်မှာ အဖြူရောင်ဖြစ်ပြီး လည်ပင်းနှင့် ဦးခေါင်းမှာ အညိုရောင်ရှိသော ဆိတ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အလေးချိန်အားဖြင့် အထီးသည် ၃၅ ကီလိုမှ ၄၅ ကီလိုခန့်ရှိပြီး အမမှာ ၂၅ ကီလိုမှ ၃၅ ကီလိုအတွင်းရှိသည်။ ယခုလက်ရှိမွေးမြူထားသော ဘိုဝါဆိတ်မျိုးများမှာ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီသော ဒေသဆိတ်မျိုးများနှင့်သားစပ်ထားသော ဘိုဝါသွေး ၅၀ ရာခိုင်နှုန်းခန့်ရှိသည့် ဆိတ်မျိုးများဖြစ်သည်။

ဆိတ်သည် အစာကြမ်းစားသော တိရစ္ဆာန်များဖြစ်၍ လူတို့အတွက် အသုံးမဝင်သော ကောက်ရိုး၊ မြက်၊ သစ်ရွက်များ စားခြင်းဖြင့် ရှင်သန်အောင်မွေးမြူနိုင်သည်။ နို့စားနွားမွေးမြူရေးတွင် အစာနုကျွေးရန် မဖြစ်မနေလိုအပ်သော်လည်း ဆိတ်မွေးမြူရေးတွင် အစာနုမပါဘဲ အစာကြမ်းသက်သက်ဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူနိုင်သည်။ သို့ရာတွင် ကြက်၊ ဝက် မွေးမြူရေးတို့တွင် အသုံးမဝင်သော ပဲမှော်၊ ပဲခွံ စသောဖြည့်စွက်စာတို့ဖြင့် တွဲဖက်မွေးမြူပါက ပိုမိုဖြစ်ထွန်းနိုင်သည်။ ထို့ပြင် အသားဓာတ်ကြွယ်ဝသောနေဗီယာမြက်များ ကျွေးခြင်းဖြင့်လည်း အသားဓာတ်လိုအပ်ချက်ကို ဖြည့်စွက်နိုင်သည်။

ဆိတ်မွေးမြူနိုင်သော နည်းစနစ် ငါးခု ရှိသည်။ ၎င်းတို့မှာ ချည်၍မွေးခြင်း၊ လွှတ်ကျောင်းမွေးခြင်း၊ ခြံလှောင်မွေးခြင်း၊ ကွင်းလွတ်ခြံလှောင်မွေးခြင်းနှင့်



နှစ်ရှည်သီးနှံများနှင့်တွဲ၍ မွေးမြူခြင်းတို့ဖြစ်သည်။ ကျေးလက်ဒေသ၌ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေများရရှိရန် ဆိတ်မွေးမြူရာတွင် များသောအားဖြင့် အရင်းအနှီးကုန်ကျစရိတ်အသက်သာဆုံးဖြစ်သော ချည်၍မွေးခြင်းနှင့် လွှတ်ကျောင်းမွေးခြင်းနည်းစနစ်ကို အသုံးများကြသည်။ လွှတ်ကျောင်းမွေးမြူရာတွင် ဆိတ်ကျောင်းသားတစ်ဦးလျှင် ဆိတ်ကောင်ရေ ၃၅ ကောင်မှ အကောင်ရေ ၄၀ ခန့် ထိန်းကျောင်းနိုင်သည်။

ခြံလှောင်စနစ်ဖြင့် မွေးမြူရာတွင် မြေစိုက်ခြံဖြစ်ပါက မြေမာပြီး ခြောက်သွေ့သောနေရာဖြစ်ရမည်။ လေကောင်းလေသန့်ရရှိပြီး ကုန်းမြင့်၊ ရေမဝပ်သည့်မြေနေရာမျိုးတွင် ရွေးချယ်ဆောက်လုပ်ရမည်။ ခေါင်အမြင့် ၁၀ ပေ၊ လက်ခံတိုင် ခုနစ်ပေခန့် ထားရှိရမည်။ လွှတ်ကျောင်းခြင်းမရှိလျှင် ဆိတ်တစ်ကောင်အတွက် ပျမ်းမျှ ၁၄ စတုရန်းပေ နေရာအကျယ်အဝန်းလိုအပ်သည်။ အစာခွက်၊ ရေခွက်၊ နားနေရန်နှင့် မွေးဖွားအခန်းများ ထားရှိနိုင်ပါက ပိုကောင်းသည်။ ထို့ပြင် လေစိမ်းများမတိုက်စေရန် ဝါးထရံများကာထားပေးရမည်။ ဆိတ်သည် စိုစွတ်သော မိုးရာသီကို မကြိုက်သော တိရစ္ဆာန်များဖြစ်သောကြောင့် မိုးများသောဒေသများတွင် မြေစိုက်ခြံအစား ကြမ်းခင်းစနစ်ဖြင့် မွေးမြူသင့်သည်။ ဆိတ်ခြံအတွင်း ဆိတ်တစ်ကောင်အတွက် လိုအပ်သော အခန်းအကျယ်အဝန်းများမှာ ဆိတ်ကလေးတစ်ကောင်လျှင် ၃ ဒသမ ၃ စတုရန်းပေ၊ ဆိတ်မ (ဧးမရှိ)တစ်ကောင်လျှင် ၁၄ စတုရန်းပေ၊ ဆိတ်မ (ဧးရှိ)တစ်ကောင်လျှင် ၁၈ စတုရန်းပေ၊ ဆိတ်သိုးတစ်ကောင်လျှင် ၂၈ စတုရန်းပေ လိုအပ်သည်။

အညစ်အကြေးနှင့် တံစက်မြိတ်ရေများ၊ မိုးရေများ အလွယ်တကူ စီးဆင်းနိုင်အောင် စီမံထားရမည်။ ထို့ပြင် ဆိတ်ခြံသန့်ရှင်းရေးလုပ်ပေးခြင်း၊ ယင်ကောင်နှင့် အခြားသောသန်ကောင်များရန်မှ ကင်းဝေးစေရန် ထုံးဖြူးပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုလည်း များစွာကာကွယ်ပေးနိုင်သည်။ သို့မှသာ ကျန်းမာဖြစ်ထွန်းပြီး ဝင်ငွေတိုးစေသော ဆိတ်မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည်။

ဆိတ်များသည် ရေမဝပ်သောနေရာ၊ တောင်ကုန်း၊ တောင်စောင်းများတွင် မည်မျှပင် မတ်စောက်စေကာမူ တက်နိုင်ဆင်းနိုင်သော ခြေမြဲသည့် ခွာများရှိသည်။ ဆိတ်များကို လွှတ်ကျောင်းမွေးမြူထိန်းကျောင်းရာတွင် ဘောက်ဖတ်များ မစားမိအောင် သတိထားရမည်။ ဆိတ်များသည် ဆူးမည်မျှပင်ရှိစေကာမူ တိုးဝင်စားသောက်နိုင်သော်လည်း ဘောက်ဖတ်ဟုခေါ်သော သစ်ပင်ခြုံပုတ်များပေါ်တွင်နေသည့် အစိမ်းရောင်ပိုးကောင်များကို စားမိလျှင် ဆိတ်သည် သေတတ်သဖြင့် စီးပွားရေးအရ ဆုံးရှုံးမှုမဖြစ်အောင် အထူးသတိထားထိန်းကျောင်းသင့်သည်။ ဆိတ်စားသောအပင်များမှာ မြေဇာမြက်၊ လေးခွမြက်၊ ဆီးပင်၊ ဆူးရစ်ပင်၊ ခံပင်၊ ရှားရွက်၊ ထနောင်းရွက်၊ ဘောစကိုင်းရွက်၊ ဆူးဖြူ၊ ညောင်ပိန္နဲ၊ ပီလောပီနံ၊ ကုက္ကိုသီးခြောက်၊ ရှားသီးခြောက်၊ ထနောင်းသီးခြောက်၊ ဆီးသီး စသည်ဖြင့် စုံအောင် စားတတ်သည်။

ဖြည့်စွက်စာအဖြစ် ကုလားပဲခွံ၊ ဝါကြိတ်ဖတ်၊ ဖွဲနု၊ ပဲပုပ်စေ့ဖတ်၊ မြေပဲဖတ်၊ နှမ်းဖတ်၊ နေကြာစေ့ဖတ်၊ ပဲအမျိုးမျိုး စသည်တို့ကို ဆိတ်တစ်ကောင်လျှင် တစ်နေ့ပျမ်းမျှ အစာနု ၃၀ ကျပ်သားမှ ၅၀ ကျပ်သားခန့် ကျွေးနိုင်သည်။ ထို့ပြင် ဆိတ်ခြံတွင် ဆိတ်ကြီးများ လျှာဖြင့် လျက်နိုင်စေရန်အတွက် ယူရီးယားသကာတုံးများကိုလည်း ချိတ်ဆွဲထားပေးရမည်။ အရေးကြီးဆုံးအချက်မှာ သောက်ရေထားပေးခြင်းပင်ဖြစ်သည်။ ရေသည် ခန္ဓာကိုယ်ကြီးထွားရန်နှင့် အစာကြေညက်မှုအတွက် မရှိမဖြစ် လိုအပ်သောကြောင့် သန့်ရှင်းပြီး ကြည်လင်သော သောက်သုံးရေထားပေးရန် လိုအပ်သည်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲရှိနိုင် သော်လည်း ဆိတ်တစ်ကောင်အတွက် ပျမ်းမျှရေသောက်နှုန်းမှာ တစ်နေ့လျှင် ရေတစ်ဂါလန်ခန့်ရရှိနိုင်ရန် စီစဉ်ထားပေးရမည်။ ဆိတ်မွေးမြူရေးမှ အသား၊ သားရေရောင်းချမှုမှာ အလွန်ဈေးကောင်းသည်။ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကခြံများမှ ဆိတ်အရှင်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများလည်း များစွာရရှိလာမည်ဖြစ်သည်။ ထို့ပြင် ဆိတ်ချေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် ပြန်လည်အသုံးချနိုင်သော အထူးအသုံးဝင်သည့် မြေဩဇာကောင်းတစ်ခုဖြစ်သဖြင့် ဆိတ်ချေးများရောင်းချခြင်းအားဖြင့် အပိုဝင်ငွေတစ်ခု ထပ်တိုးလာမည်ဖြစ်သည်။ ဆိတ်နို့တွင် ရေ ၈၆ ဒသမ ၅ ရာခိုင်နှုန်း၊ အဆီ ၄ ဒသမ ၉ ရာခိုင်နှုန်း၊ အသားဓာတ် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ သကြားဓာတ် ၄ ဒသမ ၁ ရာခိုင်နှုန်း၊ သတ္တုဓာတ် သုည ဒသမ ၈၉ ရာခိုင်နှုန်းပါဝင်သည်။ ဆိတ်နို့သည် နွားနို့ထက် အမိုင်နိုအက်ဆစ်ဓာတ် ပြည့်ဝစွာပါဝင်ပြီး အဆီဥသေးနုပ်စွာ ဖွဲ့စည်းပါဝင်မှုကြောင့် အစာကြေချက်မှု ပိုမိုလွယ်ကူစေသည်။ ဆိတ်နို့တွင် သတ္တုဓာတ်ဖြစ်သည့် ဆိုဒီယမ်သံဓာတ်၊ ကြေးနီဓာတ်နှင့် ဗီတာမင်အေပါဝင်မှုမှာလည်း အခြားသောနို့များထက် ပိုများသည်။ ထို့ကြောင့် ဆိတ်နို့သည် အာဟာရပြည့်စုံပြီး အစာကြေညက်လွယ်သဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများ၊ နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။ ဆိတ်မ၏နို့ပေးကာလသည် သုံးလမှ ၁၂လ ထိ ကြာမြင့်တတ်သောကြောင့် ဆိတ်နို့ရောင်းချခြင်းအားဖြင့်လည်း ဝင်ငွေတစ်ခုတိုးပွားလာမည်ဖြစ်သည်။

ဆိတ်မွေးမြူရေးလုပ်ငန်းကို "တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်ဆီသို့" တိုးချဲ့မွေးမြူလာနိုင်ပါက ဆိတ်များမှ ထွက်ရှိသော ဆိတ်သား၊ ဆိတ်သားခြောက်၊ ဆိတ်သားရေ၊ ဆိတ်သားရေမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သော ဖိနပ်၊ ဂျာကင်၊ ဦးထုပ်၊ လက်ကိုင်အိတ်တို့ရရှိနိုင်သည်။ ထို့ပြင် ဆိတ်နို့မှသည် ဆိတ်နို့ရေချိုးဆပ်ပြာ၊ လိုးရှင်းစသော အလှကုန်ပစ္စည်းများအပြင် ဆိတ်နို့ခဲ စသည့် စားသောက်ကုန်ပစ္စည်းများ၊ ဆိတ်ချေးမှသည် စိုက်ပျိုးရေးသုံး မြေဩဇာများအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားလာမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်း ဆိတ်သားထုတ်လုပ်မှုပိုလျှံလာပါက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် အော်ဂဲနစ်ဆိတ်သားများအဖြစ် ပြည်ပတွင် ဈေးကွက်ကောင်းစွာရရှိလာမည်ဖြစ်သည်။

ဆိတ်သည် သဘာဝအလျောက် သစ်ပင်၊ သစ်ဖု၊ သစ်မြစ်များကို စားသောက်တတ်သော အလေ့အကျင့်များရှိခြင်းကြောင့် အစာအတွက် ကုန်ကျစရိတ်များနည်းပါးခြင်း၊ ဆိတ်ခြံသည် ဝက်ခြံ၊ ဥစားကြက်ခြံများကဲ့သို့ ဆောက်လုပ်ရန် မလိုအပ်ဘဲ ဒေသတွင်းရှိ သစ်၊ ဝါးများဖြင့်သာ အလွယ်တကူဆောက်လုပ်နိုင်ခြင်းကြောင့် ခြံအတွက် ကုန်ကျစရိတ်များ သက်သာခြင်း၊ ဆိတ်များကို လွှတ်ကျောင်းမွေးမြူရာတွင် ဆိတ်ကောင်ရေ ၄၀ ထိ ဆိတ်ကျောင်းသား တစ်ယောက်နှုန်းဖြင့်သာ ထိန်းကျောင်း၍ရသောကြောင့် လုပ်သားစရိတ်သက်သာခြင်း၊ ဆိတ်သည် အကြမ်းဒဏ်ခံနိုင်သော တိရစ္ဆာန်ဖြစ်သောကြောင့် ကျန်းမာရေးအတွက် ဆေးကုသရသော ကုန်ကျစရိတ်သက်သာခြင်း၊ တစ်နှစ်အတွင်းတွင် နှစ်သားတင်ပြီး တစ်သားလျှင် နှစ်ကောင်မှ လေးကောင်ထိ သားပေါက်နိုင်သောကြောင့် အချိန်တိုအတွင်း စီးပွားရေးဖြစ်ထွန်းစေသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း စသည့်အချက်များကြောင့် ဆိတ်မွေးမြူရေးကို လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ဆိတ်မွေးမြူရေးမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ လူမှုစီးပွားဘဝများလည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ထို့ကြောင့် ဆိတ်မွေးမြူရေးကို မိသားစုတစ်နိုင်တစ်ပိုင်သော်လည်းကောင်း၊ စီးပွားဖြစ်စနစ်တကျမွေးမြူခြင်းသော်လည်းကောင်း မွေးမြူကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing lays wreath at the Piskaryovskoye Memorial Cemetery in St. Petersburg



Senior General Min Aung Hlaing pays his respects by laying a wreath at the Piskaryovskoye Memorial Cemetery in St. Petersburg.

**Nay Pyi Taw March 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, specifically to St. Petersburg, paid his respects by laying a wreath at the Piskaryovskoye Memorial Cemetery in St. Petersburg this morning, local time.

First, the Senior General, along with Joint Secretary of the Council General Ye Win Oo, and the accompanying delegation members, arrived at the Piskaryovskoye Memorial Cemetery in St. Petersburg, where they were greeted by officials from the St. Petersburg city government.

Subsequently, the Senior General solemnly laid a wreath at the Piskaryovskoye Memorial Cemetery. Meanwhile, the honour guard of the Russian Federation played the national anthems of the Republic of the Union of Myanmar and the Russian Federation.

Following this, the Senior General received the salute from the honour guard and warmly greeted the officials present. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing attends opening of Consulate General in St. Petersburg

**Nay Pyi Taw March 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, currently in the Russian Federation on his official goodwill visit, inaugurated the Consulate General at the government guesthouse K2 in Saint Petersburg of the Russian Federation on the afternoon of 5 March.

Also present at the ceremony were Council Joint Secretary General Ye Win Oo, Council member General Nyo Saw, Union ministers U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin and Dr Myo Thein Kyaw, Chief Minister of Bago Region U Myo Swe Win and senior Tatmadaw officers from the Office of the Commander-in-Chief, Myanmar Ambassador to the Russian Federation U Thit Linn Ohn, deputy ministers, Governor of Saint Petersburg Mr Alexander Beglov, the Russian Ambassador to Myanmar, members of the Saint Petersburg government, Myanmar Consul General U Aung Pe Thet and officilas, officer trainees studing in Saint Petersburg and guests.

They all saluted with the national anthems of the Republic of the Union of Myanmar and the Russian Federation.

Senior General Min Aung Hlaing, Union Minister for Foreign Affairs U Than Shwe and Governor of Saint Petersburg Mr Alexander Beglov cut the ribbon to open the consulate general.

Speaking on the occasion, Deputy Prime Minister and Union Minister for Foreign Affairs U Than Shwe extended greetings, saying that although Myanmar and Russia are geographically far apart, the close ties between their peoples have allowed them to establish a strong and friendly diplomatic relationship throughout history. To further enhance the growing bilateral cooperation, Myanmar has opened two consulate general in the key cities of Saint Petersburg and Novosibirsk. The establishment of a Myanmar Consulate General in Saint Petersburg, a city with a rich historical heritage and a hub for politics, economy, modern science, and technology in Russia, is believed to contribute significantly to the mutual interests of both nations.




Senior General Min Aung Hlaing attends the opening of Consulate-General in St. Petersburg.

Governor of Saint Petersburg Mr Alexander Beglov also made a speech, saying that due to the strong and friendly relations between Russia and Myanmar, we have been able to open the Myanmar Consulate-General in Saint Petersburg, Russia. The establishment of the consulate general will further enhance and strengthen the relationship between the two countries. All are also grateful to the Chairman of the State Administration Council and Prime Minister for facilitating the swift establishment of the Myanmar Consulate General. The Consulate General will serve as a bridge between Russia and Myanmar, bringing numerous benefits to both nations.

The Deputy Prime Minister and Union Minister for Foreign Affairs presented commemorative gifts to the Senior General and the Governor of Saint Petersburg.

The Senior General and attendees to the ceremony had documentary photos taken. 100

# SAC Chairman and Prime Minister Senior General Min Aung Hlaing meets families of Myanmar Consulate General in St. Petersburg, delivers speech



Senior General Min Aung Hlaing meets Myanmar Consulate families in St. Petersburg.

**Nay Pyi Taw March 6**

Chairman of the State Administration Council (SAC) and Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to St. Petersburg, Russian Federation, met with the families of the Myanmar Consulate General in St. Petersburg, Russian Federation, at the Myanmar Consulate General this morning.

The meeting was attended by Joint Secretary of the Council, General Ye Win Oo, Council Member, General Nyo Saw, Union Ministers U Than Swe, Admiral Moe Aung, Myanmar Ambassador to the Russian Federation U Thit Lin Ohn, the Myanmar Consul General in St. Petersburg, and family members of the staff.

First, the SAC Chairman and members of the State Administration Council arrived at Myanmar Consulate General and were welcomed by the families of the staff of the Consulate General.

Then, the SAC Chairman and members of the delegation sprayed the signboard of the Consulate General in St. Petersburg with perfume and inspected the Consulate General.

Then, the SAC Chairman met with the families of the employees of the Consulate General and the trainees attending the training in St. Petersburg.

First, the Myanmar Consul General explained the information about the Consulate General, the work of the employees, and the status of the trainees attending the training. The SAC Chairman asked questions and fulfilled the needs.

Then, the SAC Chairman made a speech, saying that this was his sixth visit to St. Petersburg, and that he had learned about the importance and historical traditions of St. Petersburg. Therefore, the Senior General said that he had previously intended to open a Myanmar Consulate General in St. Petersburg. The Senior General said that St. Petersburg has many factories and is a transportation hub.

Similarly, the Senior General said that education is good. St. Petersburg is a good city for connecting with our country. Now, airlines are flying directly from Mandalay to Novosibirsk, Russia. Plans are being made to expand flights to St. Petersburg. The issues we need to work on regarding Russia should be completed in a timely manner. The Consulate General family is working for the benefit of our country and the relations between the two countries, so they are carrying out important responsibilities. Therefore, there is a need to check, recheck, and countercheck to ensure that there are no gaps in the work and that it is completed on time. It is necessary to continue to present and act on issues that are beneficial to the country and those that are not.

We are working on improving relations with the Russian Federation, and we are cooperating in the areas of economy, education, health and social issues. Regarding the economy, we want to be able to export our country's products to Russia. Since we are located in a remote location, we want to be able to export products that are cost-effective. In doing so, we need to improve communication and speed up our work.

We mainly produce raw materials in our country and also carry out CMP garment manufacturing. We also produce raw materials of rubber. We can export raw materials of rubber and rubber products. We can also export rice, coffee, tea and other agricultural products, as well as forest products. We need to find markets for our country's rubber products in St. Petersburg.

St. Petersburg has good healthcare and medicines, and although our country produces medicines, there is a need for drugs to cure cancer used in hospitals. Therefore, we need to work together to develop technologies for the production of these cancer drugs in our country. We need to work to gain experience in healthcare. We also need to work to allow Myanmar scholars to attend universities in St. Petersburg in science and technology. Russia is also at the top in sports, so we need to work with Russia to promote Myanmar sports.

The Consulate General needs to provide systematic education for students studying at universities in St. Petersburg and meet the needs of the students. We need to complete the training period within the specified time. The students also need to study hard.

The Senior General also advised the staff working at the Consulate General to study the Russian language, which would be beneficial, and to use their time productively.

After that, the SAC Chairman presented food and honorariums to the families of the Myanmar Consulate General and the trainee officers, and said a cordial farewell.

100

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing meets Governor of St. Petersburg

**Nay Pyi Taw March 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, met with the Governor of St. Petersburg, Mr. Alexander Beglov, yesterday evening (local time). The meeting took place at the K2 Government Guest House in St. Petersburg.

The meeting was attended by the Senior General, the Joint Secretary of the State Administration Council General Ye Win Oo, SAC Member General Nyo Saw, Union Ministers, the Chief Minister of Bago Region, Myanmar Ambassador to the Russian Federation U Thit Lin Ohn, senior military officers from the Office of the Commander-in-Chief of Defence Services, the Myanmar Military Attaché (Army, Navy, Air), and other officials. Also present were the Governor of St. Petersburg, the Ambassador of Russia to Myanmar, and officials from the St. Petersburg government.

During the meeting, both parties engaged in a cordial exchange of views regarding the opening of the Myanmar Consulate General, aimed at fostering stronger interaction and cooperation between Myanmar and St. Petersburg. Discussions also covered ongoing developments across various sectors, including healthcare, education, transportation and communications, tourism, industry, and trade, as well as the construction of Theravada Buddhism monasteries and pagodas in St. Petersburg.

Following the meeting, the Senior General and the Governor of St. Petersburg posed for documentary photos.

Later in the evening, dinner was hosted in honour of the Senior General and goodwill delegation by the Governor to mark the opening of the Myanmar Consulate General in St. Petersburg.



Governor of St. Petersburg Mr. Alexander Beglov hosts dinner in honour of Senior General Min Aung Hlaing and his delegation.

After the dinner, the Senior General presented cash awards to the entertainment troupes that performed and extended his warm greetings.

100

# High-level Myanmar goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Minsk, Republic of Belarus


Senior General Min Aung Hlaing arriving in Minsk, Republic of Belarus.


Senior General Min Aung Hlaing lays a wreath at the Victory Monument.

**Nay Pyi Taw March 6**

A high-level Myanmar goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit in Russian Federation at the invitation of President H.E. Vladimir Vladimirovich Putin, left Pulikovo International Airport in Saint Petersburg to pay a goodwill visit to Belarus at the invitation of the President Aleksandr Lukashenko of the country this afternoon at local time, and were seen off by External Relations Committee Chairman of Saint Petersburg government Mr. Grigoriev Evgeny Dmitrievich, Myanmar Consul General U Aung Pe Thet, and officials at the airport.

On arrival at the international airport in Minsk, Belarus, the Senior General and delegation were welcomed by Minister of Foreign Affairs of Belarus H. E. Mr. Maxim Ryzhenkov, the Ambassador of Belarus to Myanmar, Myanmar Consul General U Moe Kyaw Thu, and officials.

At the airport, Guard of Honour of Belarus welcomed the Senior General in accord with the tradition of welcoming the state leaders who are on a state visit.

The Senior General arrived at the wreath-laying place of the Victory Monument in Minsk, and was welcomed by officials.

While the Senior General was laying a wreath at the Victory Monument, the Guard of Honour played the national anthems of the Republic of Union of Myanmar and the Republic of Belarus.

The Senior General took the salute of the Guard of Honour, and cordially greeted the officials.

100

# 456 illegal migrants repatriated, 100 more detained

**Nay Pyi Taw March 6**

A total of 456 illegal migrants, who were involved in online gambling and scams in Shwe Kokko, Mehtawthalay and KK Park in Myawady in Kayin State after illegally entering Myanmar from some neighbouring countries including Thailand through border routes, were repatriated and 100 more illegal migrants were detained today.

The repatriation process was overseen by Kayin State Security and Border Affairs Minister Col Min Thu Kyaw, Deputy Director-General Mr. Liu Ning Ning of the Criminal Investigation Department of the Ministry of Public Security of the People's Republic of China, Director Ploen Klinpayom of Tak Province Immigration Department of Thailand and officials. Responsible officials from Myanmar handed over repatriation documents to officials of relevant countries systematically.

During the period from 30 January to 6 March, 2025, a total of 4,342 illegal migrants to Myanmar were uncovered and detained and 1,213 of them were systematically repatriated to relevant countries through Thailand in accordance with the law, rules and regulations and the remaining 3,129 illegal migrants are ready for repatriation and being detained properly.

The 4,342 detained illegal migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Japan, Rwanda, Kenya, Kazakhstan, Cambodia, Ghana, Bangladesh and China (Taipei) and majority of them are from China. 100


Responsible officials from Myanmar and China signed documents for repatriation of illegal migrnts.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က LRHW ၏ မြေပြင်အခြေစိုက်ယာဉ်တင်ဗားရှင်းကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် တိုက်ပွဲဝင်ဖြန့်ကြက်ရန်စီစဉ်ထား



အမေရိကန်ကြည်းတပ်သည် တာဝေးပစ်ဟိုက်ပါဆောနစ်လက်နက် (LRHW)၏ မြေပြင်အခြေစိုက် ယာဉ်တင်ဗားရှင်းကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် တိုက်ပွဲဝင်ဖြန့်ကြက်သွားရန်စီစဉ်ထားကြောင်း Army Recognition သတင်းဌာနက မတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

LRHW လက်နက်သည် အဆင့်မြင့်ဒုံးကျည်နည်းပညာများကို လျင်မြန်စွာ တီထွင်ထုတ်လုပ်နေသော ရန်ဘက်နိုင်ငံများထက် နည်းပညာဆိုင်ရာအသာစီးရရှိမှုကို ထိန်းသိမ်းထားရန် အမေရိကန်ကြည်းတပ်က ကြိုးပမ်းလုပ်ဆောင်နေသည့် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ LRHW လက်နက်ကဲ့သို့သော အသံထက်မြန်သောလက်နက်များသည် Mach 5 အထက် အလျင်နှုန်းဖြင့် ပျံသန်းနိုင်သော ဒုံးကျည်အမျိုးအစားဖြစ်ပြီး အသံ၏မြန်နှုန်းငါးဆနှင့် Mach 20 ထိ သို့မဟုတ် တစ်နာရီလျှင် ကီလိုမီတာ ၂၄၀၀၀ ပင် ရောက်ရှိပျံသန်းနိုင်သည်။

၎င်းလက်နက်များသည်သမားရိုးကျဒုံးကျည်များနှင့် ကွာခြားချက်မှာ ပျံသန်းမှုအလယ်တွင် အသံထက်မြန်သော အမြန်နှုန်းဖြင့် ပျံသန်းနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ကြိုတင်မှန်းဆနိုင်သော အကွေ့အကောက်များအတိုင်း ပျံသန်းလာလေ့ရှိသည့် သမားရိုးကျပဲ့ထိန်းဒုံးကျည်များနှင့်မတူဘဲ အသံထက်မြန်သော လက်နက်များသည် ဒုံးကျည်ပျံသန်းနေစဉ်ပင် ၎င်းတို့၏ပျံသန်းမှုလမ်းကြောင်းကို ချိန်ညှိလုပ်ဆောင်နိုင်ပြီး လက်ရှိ ကမ္ဘာပေါ်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်များအတွက် ကြားဖြတ်တုံ့ပြန်ရန် ပိုမိုခက်ခဲစေလိမ့်မည်ဖြစ်သည်။ မြန်နှုန်းနှင့် လှုပ်ရှားစစ်ကစားနိုင်မှုတို့ ပေါင်းစပ်ထားသော ၎င်းအသံထက်မြန်သည့် လက်နက်များသည် ထိုးစစ်နှင့်ခံစစ် စစ်ဆင်ရေးနှစ်ခုစလုံးတွင် ပြတ်သားသောအားသာချက်ကို ပေးစွမ်းနိုင်ပြီး ၎င်းတို့ ကြားဖြတ်တိုက်ခိုက်ခြင်းများကိုရှောင်လွှဲ၍ တိကျပြင်းထန်စွာပစ်မှတ်များကို တိုက်ခိုက်နိုင်စေကာ ခေတ်သစ်စစ်မှုရေးရာ မဟာဗျူဟာတွင် အလှည့်အပြောင်းများ ဖြစ်လာစေခဲ့သည်။

LRHW လက်နက်သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်စွမ်းရည်များဖြင့် ဒီဇိုင်းထုတ်ထားပြီး သမားရိုးကျထိပ်ဖူးတစ်ခုနှင့် အဆင့်မြင့်အသံထက်မြန်သော လေဟုန်စီးကိုယ်ထည်ကို ပေါင်းစပ်ထားသည့် တာဝေးပစ်ဒုံးကျည်စနစ်ဖြစ်သည်။ ၎င်းပေါင်းစပ်မှုသည် အမေရိကန်စစ်ဘက်ကိုပုံမှန်အမြောက်များ သို့မဟုတ် ဒုံးကျည်စနစ်များမှရရှိနိုင်သည့် အကွာအဝေးထက်ပိုမိုဝေးကွာသောနေရာများရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စေသည်။ LRHW လက်နက်သည် ခန့်မှန်းခြေအကွာအဝေး ၂၇၇၆ ကီလိုမီတာ၊ တစ်နာရီလျှင် ကီလိုမီတာ ၆၁၀၀ ကျော် အမြန်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ LRHW လက်နက်သည် ရန်သူ့ကွပ်ကဲမှုဌာနချုပ်များ၊ ရေတပ်သင်္ဘောများ၊ ဒုံးကျည်ကာကွယ်ရေးစခန်းများနှင့် မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံများကဲ့သို့သော တန်ဖိုးမြင့်မားသည့် ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်နိုင်ပြီး တစ်ဖက်ရန်သူအနေဖြင့် ကြိုတင်သတိပေးချက်ရရှိချိန် လွန်စွာနည်းပါးစေမည်ဖြစ်သည်။ ထိုသို့ တန်ဖိုးမြင့်ပစ်မှတ်များကို အလွန်မြင့်မားသော အမြန်နှုန်းဖြင့် တိုက်ခိုက်နိုင်မှု၊ ၎င်း၏တိကျမှုနှင့်အတူ သမားရိုးကျနှင့်မဟာဗျူဟာမြောက်စစ်ပွဲအခြေအနေ နှစ်ခုစလုံးတွင် ကြောက်မက်ဖွယ်ကောင်းသော လက်နက်စွမ်းအားတစ်ခု ဖြစ်လာစေခဲ့သည်။

သို့ဖြစ်ရာ LRHW လက်နက်သည် အမေရိကန်ကြည်းတပ်၊ အလုံးစုံမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အနာဂတ်ပဋိပက္ခများတွင် အရေးပါသော စစ်ရေးစွမ်းအားတစ်ခုအနေဖြင့် ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး အမေရိကန်သည် ယခင်ကထက် ဟိုက်ပါဆောနစ်စီမံကိန်းများကိုပိုမိုထိရောက်လျင်မြန်စွာလုပ်ဆောင်နိုင်စေကာ ကမ္ဘာလုံးဆိုင်ရာစစ်မှုရေးရာများတွင် အသာစီးရနေဆဲ အင်အားကြီးနိုင်ငံအဖြစ် တည်ရှိနေသည်ဟု သေချာစေမည်ဖြစ်ကြောင်း သိရသည်။

**Flash News: US Army to Field First Land-Based Variant of New LRHW Long-Range Hypersonic Weapon in 2025** ကို ဘာသာပြန်ဆိုထားပါသည်။

## EDGE Group ကုမ္ပဏီက Ajban 442A အဆင့်မြင့်ယာဉ်တင် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို ထုတ်ဖော်ပြသ

အာရပ်စော်ဘွားများပြည်ထောင်စု (UAE)အခြေစိုက် ကာကွယ်ရေးနည်းပညာ EDGE Group ကုမ္ပဏီသည် Ajban 442A သံချပ်ကာယာဉ်ကို နောက်ဆုံးပေါ်ရေဒါ၊ ထောက်လှမ်းရေးစနစ်များနှင့် စွယ်စုံရ ADASI Shadow 3 ဒရုန်းစနစ်တို့ကို အသုံးပြု၍ အဆင့်မြင့်ယာဉ်တင်တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်သစ်သည် ခေတ်သစ်စစ်ပွဲများ၏ လျင်မြန်စွာပြောင်းလဲနေသောသဘောသဘာဝကိုဖြေရှင်းရန် ဒီဇိုင်းထုတ်ထားပြီး မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ၏ ခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ တန်ပြန်နိုင်စွမ်းရှိကာ စစ်မြေပြင်နှင့် လုံခြုံရေးပေးထားသောဇုန်များတွင် ဒရုန်းရန်ကာကွယ်ရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

Ajban 442A သည် UAE နိုင်ငံ၏ NIMR ကုမ္ပဏီကထုတ်လုပ်သည့် စွမ်းရည်မြင့် 4x4 နည်းဗျူဟာမြောက် သံချပ်ကာယာဉ်ဖြစ်သည်။ ၎င်း၏ထူးခြားသော ရွေ့လျားမောင်းနှင်နိုင်မှု၊ ရှင်သန်ရပ်တည်နိုင်မှုနှင့် စစ်မြေပြင်ဒရုန်းရန်ကာကွယ်ရေးတို့အတွက် ရေပန်းစားသော Ajban 442A သည် မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် စစ်ရေးအသုံးပြုမှုများ၌ စံပြုစနစ်တစ်ခုဖြစ်လာစေခဲ့သည်။ ယာဉ်၏ ကြံ့ခိုင်သော အကြမ်းခံဒီဇိုင်းသည် မြို့ပြမှသည် လမ်းကြမ်းနေရာများထိ စိန်ခေါ်မှုရှိသော ပတ်ဝန်းကျင်အခြေအနေများတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ကာ လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းရှိစေမည်ဖြစ်ကြောင်း သိရသည်။

Ajban 442A တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် ယာဉ်ခေါင်မိုးပေါ်တွင် အဆင့်မြင့်ရေဒါနှင့် ထောက်လှမ်းမှုစနစ်များ တပ်ဆင်ထားသည်။ ၎င်းစနစ်များသည် ရန်သူ့ဒရုန်းများကို သိသာထင်ရှားသော အကွာအဝေးမှ ထောက်လှမ်းခြေရာခံနိုင်စေပြီးဝေဟင်မှ အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။




ရေဒါအပြင် Ajban 442A စနစ်၏ နောက်ဘက်တွင် ကွန်တိန်နာသုံးလုံးပါရှိပြီး တစ်ခုစီသည် ADASI Shadow 3 သယ်ဆောင်ရလွယ်ကူသော ဒေါင်လိုက်အတက်အဆင်းပျံသန်းနိုင်သည့် VTOL ဒရုန်းတို့ ပါဝင်ဖွဲ့စည်းထားသည်။ ၎င်း ဆန်းသစ်သောစနစ် ဖွဲ့စည်းမှုသည် သံချပ်ကာယာဉ်ပေါ်မှ ADASI Shadow 3 ဒရုန်းများကို လျင်မြန်စွာဖြန့်ကြက်နိုင်စေကာ ဒရုန်းတိုက်ခိုက်မှုများ သို့မဟုတ် စောင့်ကြည့်ရေးမစ်ရှင်များကို တုံ့ပြန်လုပ်ဆောင် နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ဒရုန်းများ လွှတ်တင်ခြင်းစနစ်သည် ယာဉ်မောင်းနှင်နေသည့်တိုင် လျင်မြန်စွာ ဖြန့်ကြက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး Ajban 442A စနစ်သည် ဝင်ရောက်လာသည့်ခြိမ်းခြောက်မှုများနှင့် တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်နေစဉ်မှာပင် ဆက်လက်ချီတက်မောင်းနှင်နေနိုင်သည်ဟု သိရသည်။

ADASI Shadow 3 ဒရုန်းသည် တန်ပြန်တိုက်ခိုက်မှုနှင့် သီးသန့်တိုက်ခိုက်မှုမစ်ရှင်နှစ်ခုစလုံးကို လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ရည်ရွယ်ချက်နှစ်မျိုးသုံး အဆင့်မြင့်ဒရုန်းအမျိုးအစားတစ်ခုဖြစ်သည်။ ဂျီပီအက်စ် တန်ပြန်သည့်စွမ်းရည်များပါရှိသော Shadow 3 ဒရုန်းသည် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များဖြင့် စံပြုဆက်သွယ်ရေးစနစ်အပေါ် အနှောင့်အယှက်ဖြစ်စေနိုင်သည့် ပြိုင်ဆိုင်မှုပြင်းထန်သောပတ်ဝန်းကျင်အခြေအနေများတွင် လုပ်ဆောင်နိုင်မှုစွမ်းရည်မြင့်မားစေမည်ဖြစ်ကြောင်း သိရသည်။

**EDGE from UAE Revolutionizes Counter-Drone Warfare with Innovative Mobile Anti-Drone Combat Vehicle** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**


ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒားဘယ်ဂ်လော့၊မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ စိန့်ပီတာစဘတ်မြို့တွင် သွားရောက် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလွန်ဝေးကွာသော်လည်း နှစ်နိုင်ငံပြည်သူများနှင့် နှလုံးသားချင်းနီးကပ်နေသောကြောင့် သံတမန်ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကောင်းကို ထူထောင်ထားနိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့်တင်နိုင်စေရန်အတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး နှစ်ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊စီးပွားရေး၊ခေတ်မီသိပ္ပံနှင့် နည်းပညာထွန်းကားတိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒားဘယ်ဂ်လော့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရုရှား-မြန်မာ ဆက်ဆံရေးများကောင်းမွန်လျက်ရှိခြင်းကြောင့် မိမိတို့ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးကိုပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ကောင်စစ်ဝန်ချုပ်ရုံးသည် ပေါင်းကူးတံတား တစ်ခုသဖွယ်ဖြစ်သဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်းဖြင့် ပြောကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင် ပေးအပ်စဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးတို့ကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။




စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigo-riev Evgeny Dmitrievich က ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဘီလာရုစ်နိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့် အညီ ဂုဏ်ပြုကြိုဆိုစဉ်။



☆ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံဆိုင်ရာ ဘီလာရုစ်သံအမတ်ကြီး၊မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။


လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဘီလာရုစ်သမ္မတနိုင်ငံနိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့်နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင့်စ်မြို့ The Victory Monument ရှိ လွမ်းသူပန်းခွေချအလေးပြုမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က The Victory Monument ၌ လွမ်းသူပန်းခွေချအလေးပြုသည်။လွမ်းသူပန်းခွေချအလေးပြုစဉ်အချိန်၌ ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သီချင်းနှင့် ဘီလာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းအား ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ရှိ The Victory Monument ၌ လွမ်းသူပန်းခွေချ အလေးပြုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများကို ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိကြရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စိန့်ပီတာစဘတ်ကောင်စစ်ဝန်ချုပ်ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် စိန့်ပီတာစဘတ်မြို့တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ မြန်မာကောင်စစ်ဝန်ချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်ရာအချက်အလက်များ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ သင်တန်းသားများ သင်တန်းတက်ရောက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့သို့ စတုတ္ထအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၏ အချက်အချာကျမှုနှင့် အရေးပါမှုများ၊ သမိုင်းအစဉ်အလာများရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ရန်အတွက် ယခင်ကတည်းက ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် စက်ရုံအလုပ်ရုံများ များစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း အချက်အချာကျသည်ကို တွေ့ရကြောင်း။

အလားတူ ပညာသင်ကြားရေးတွင်လည်း ကောင်းမွန်မှုရှိသည်ကို တွေ့ရကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် မိမိတို့နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲ ပျံသန်းလျက်ရှိကြောင်း၊ ယခု စိန့်ပီတာစဘတ်မြို့နှင့်လည်း လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် မိမိတို့နိုင်ငံအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်ရှိမှုများမရှိစေရေးနှင့် အချိန်မီပြီးစီးစေရေး Check၊ Recheck၊ Counter Check များ ပြုလုပ်နေရန်လိုကြောင်း၊ နိုင်ငံအတွက် အကျိုးရှိနိုင်သည့်ကိစ္စရပ်များ၊ အကျိုးမပြုနိုင်သည့်ကိစ္စရပ်များကို ခွဲခြား၍ ဆက်လက်တင်ပြဆောင်ရွက်နိုင်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဆက်ဆံမှုများ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံက ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ခရီးလမ်းအရ ဝေးကွာသည့်နေရာတွင် တည်ရှိခြင်းကြောင့် တွက်ခြေကိုက်သည့်ထုတ်ကုန်များ တင်ပို့နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆက်သွယ်မှုများ ကောင်းမွန်မြန်ဆန်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်ပြီး CMP အထည်ချုပ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ရော်ဘာကုန်ကြမ်းများလည်း ထွက်ရှိကြောင်း၊ ရော်ဘာကုန်ကြမ်းများနှင့် ရော်ဘာထွက်ကုန်များကို တင်ပို့နိုင်ကြောင်း၊ အလားတူ ဆန်၊ ကော်ဖီ၊ လက်ဖက်နှင့် အခြားစိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကိုလည်း တင်ပို့နိုင်သကဲ့သို့ သစ်တောထွက်ပစ္စည်းများကိုလည်း တင်ပို့နိုင်ကြောင်း၊ မိမိတို့နိုင်ငံက ထုတ်ကုန်များ စိန့်ပီတာစဘတ်မြို့သို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။


စိန့်ပီတာစဘတ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးများ ကောင်းမွန်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးများ ထုတ်လုပ်လျက်ရှိသော်လည်း ဆေးရုံများ၌ အသုံးပြုသည့် ကင်ဆာကုသဆေးများနှင့်ပတ်သက်၍ လိုအပ်ချက်များ ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အဆိုပါကင်ဆာကုသဆေးကို ထုတ်လုပ်နိုင်ရေး နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကုသမှုအတွေ့အကြုံများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သိပ္ပံနှင့် နည်းပညာရပ်များနှင့် ပတ်သက်၍ စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များတက်ရောက်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရုရှားနိုင်ငံသည် အားကစားနှင့်ပတ်သက်၍လည်း ထိပ်တန်းတွင်ရှိကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစား မြှင့်တင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း။

စိန့်ပီတာစဘတ်မြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသားများ စနစ်တကျ ပညာသင်ကြားနိုင်ရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်တန်းကာလနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပညာများသင်ယူရာတွင်လည်း အလေးထားသင်ယူသွားကြရန်လိုကြောင်း။

ကောင်စစ်ဝန်ချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း ရုရှားဘာသာစကားနှင့်ပတ်သက်၍လည်း လေ့လာဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အချိန်များကို အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်း ဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာအလက်ဇန္ဒား ဘယ်ဂ်လော့နှင့် မတ် ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရည့်ဂေဟာ K2 ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့တို့ကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိန့်ပီတာစဘတ်မြို့တွင် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သိမ်၊ ကျောင်း၊ စေတီတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးတို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ချစ်ကြည်ရေးကိုယ်စားလှယ်များကို စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးက စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ကုမ္ပဏီများကြား ပို့ကုန်၊သွင်းကုန်ဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး



မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကုမ္ပဏီများကြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မတ် ၅ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်တွင် ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာနိုင်ငံမှ ပေါင်းဆန်များကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် သုံးသိန်းနှင့်ပိုးသတ်ဆေးများဝယ်ယူရေးတို့အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို စိန့်ပီတာစဘတ်မြို့ lotte Hotel ၌ ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်မြန်မာနိုင်ငံမြေဩဇာအသင်းတို့၏ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်နှင့် ရုရှားနိုင်ငံဘက်မှ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၆**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့ပါသည်။

ယနေ့ထိနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၀ ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ စုစုပေါင်းပါတီ ၇၀ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် မတ် ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၇၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူပန်းခွေချအလေးပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူပန်းခွေချအလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery သို့ရောက်ရှိကြရာ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရ Piskaryovskoye Memorial Cemetery ၌ လွမ်းသူပန်းခွေချအလေးပြုသည်။ လွမ်းသူပန်းခွေချအလေးပြုစဉ် အချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဧဝဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Piskaryovskoye Memorial Cemetery ၌ လွမ်းသူပန်းခွေချ အလေးပြုစဉ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး(၂/၂၀၂၅)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် မတ် ၆**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၁)နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ သီးခြားဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပထမအကြိမ်ကော်မရှင်အစည်းအဝေးကျင်းပပြီးချိန်မှစ၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ ဓာတ်အားအများဆုံး ၅၄၅ မဂ္ဂါဝပ် ပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး အများပြည်သူသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာလတိုအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်ခြင်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ရာ ကော်မရှင်အနေဖြင့် ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်သတ်မှတ်ထားရှိပြီး နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများကို ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ခြင်းအပြင် ဝေးလံကျေးလက်ဒေသများအတွက် ဓာတ်အားစနစ်ပြင်ပသီးခြားဆောင်ရွက်နိုင်ရန်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် တင်သွင်းလာသည့် ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်ခြင်းရှိ၊ မရှိ၊ ပြည်တွင်းနှင့် နိုင်ငံတကာကသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရန် လိုအပ်သကဲ့သို့ ပစ္စည်းများ တပ်ဆင်ခြင်း၊ ဓာတ်အားထုတ်ယူသုံးစွဲခြင်းများကိုလည်း သတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (SOP) စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန၏ အားထုတ်ကြိုးပမ်းမှုကြောင့် ဓာတ်အားထုတ်လုပ်မှုအတွက် ဖြန့်ဖြူးပေးနေသည့် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ကို ယခင်ခွဲတမ်းထက် တစ်ရက်လျှင်ကုဗပေ သန်း ၃၀ ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ဓာတ်အားစနစ်အတွင်း ဓာတ်အားမဂ္ဂါဝပ် ၁၁၀ ခန့် ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ကဏ္ဍအတွက်သာမက စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ဓာတ်မြေသြဇာထုတ်လုပ်ရန်အတွက်ပါ အသုံးပြုနေရသည့် မဟာဗျူဟာမြောက် လောင်စာဖြစ်သောကြောင့် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန် လိုအပ်သကဲ့သို့ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

ယခင်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများဆောင်ရွက်ခဲ့သည့် ဒေသများတွင် စွမ်းအင်ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ စီမံကြီးကြပ်မှုနှင့် စံသတ်မှတ်တွင်း (Standard Well) တူးဖော်သည့်စနစ်ဖြင့် ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ လက်ရှိကမ်းလွန်စီမံကိန်းများမှ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ရရှိဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း သတ်မှတ်ချိန်များအတိုင်း စတင်နိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လက်ရှိရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး အရည်အသွေးပြည့်ဝသည့် စက်သုံးဆီများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကသွင်းအားစုဖြစ်သည့် အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများကို ပြည်တွင်းတွင် ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ ကြံ့ခိုင်မှုပြည့်ဝရေး၊ ယိုစိမ့်လေလွင့်ဆုံးရှုံးမှုမရှိစေရေး လိုအပ်သလိုစီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေရှည်တွင် လျှပ်စစ်ကဏ္ဍ၌ ရုပ်ကြွင်းလောင်စာများအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးမြှင့်အသုံးပြုသွားရန် လိုအပ်မည်ဖြစ်၍ ယခုကတည်းက အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ ရေအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ရေအရင်းအမြစ်များကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ကာလရှည် အစီအမံချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ရာ နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသော ဘက်စုံအကျိုးဖြစ်ထွန်းစေမည့် အနိမ့်တမံရေအားလျှပ်စစ်ထုတ်ယူသည့်စနစ်ကို သေချာစွာစဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန် ပြောကြားလိုကြောင်း၊ စီမံကိန်းကြီးများ မြန်ဆန်ပြီးစီးစေရေးအတွက် စီမံကိန်းမြေယာအခက်အခဲများကို ဖြေရှင်းကျော်လွှားရန် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများလျော့နည်းအောင် ဆောင်ရွက်သွားခြင်းဖြင့် ဓာတ်အားခဆုံးရှုံးမှုလျော့နည်းပြီး နိုင်ငံတော်ဘဏ္ဍာလည်းတိုးတက်ရရှိစေမည်ဖြစ်သည့်အတွက် ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထူးစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ပုံမှန်စစ်ဆေးဖော်ထုတ်သွားရန်လိုကြောင်း။

ထို့ပြင် မတ် ၁၇ ရက်မှ ၂၂ ရက်အတွင်း တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်စာမေးပွဲများ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည့်အတွက် စာမေးပွဲဖြေဆိုချိန်ကာလနှင့် စာကျက်မှတ်ချိန်ကာလများအတွင်း ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် အဓိကကျသည့်အတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် ကျယ်ပြန့်ပြီး သက်ဆိုင်ရာ Stakeholder အားလုံးပေါင်းစပ်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူများအားလုံးပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်တို့က ကော်မရှင်အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ကော်မရှင်အစည်းအဝေး(၁/၂၀၂၅)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေး၊ RenewableEnergy–RE များတိုးတက်ထုတ်ယူသုံးစွဲနိုင်ရေးဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက ကော်မရှင်အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်း ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲပုံစွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရှ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနေသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေဖွ့န်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနေဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ဘည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို စေျးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနေဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမှန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြေရဲပုံ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဏ္ဏဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမှန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမွန္န

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နှမ်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၂၀၅၁၃၆၊ ၀၃၆-၂၀၅၁၃၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြို့မီးရှို့ခြင်း၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK PARK နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦးကို ယနေ့တွင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၀၀ကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာတွင် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.LiuNingNing နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Ploen Klinpayom နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၃၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၁၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၄၃၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၆ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၀၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zin Moe Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဇင်မိုးမြင့်(ခ)မိုးလေးကို ည ၇ နာရီ မိနစ် ၄၀ တွင် ကမာရွတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် အပါး၂၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ တစ်ဖက်သတ်စွပ်စွဲရေးသားဝါဒဖြန့်

နေပြည်တော် မတ် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာကို မတ် ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများတစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ် အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက နေအိမ်အချို့ကိုမီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့် မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ဝတ္ထုတိုကဏ္ဍ

# ထမ်းပိုး၏ အခြားတစ်ဖက်မှာ

မောင်ငြိမ့်



မြောက်လေငယ်သွင်းပါလို့ မြူနှင်းငယ်စိုစို
မြင်တိုင်းငယ်ပျိုသည်၊ ရွှေကျီးညို့တာရာနှင့်
ကြတ္တိကာထွန်းသည့် လကိုလေး

သီတင်းကျွတ်လကုန်၍ တန်ဆောင်မုန်းပင် ဝင်ခဲ့ပြီ၊ သရွတ်သွတ်မြစ်မကြီးတစ်ခွင်တစ်ပြင်လုံး ဝေရီနေအောင် နှင်းမှုန်နှင်းစက်တို့က ပိတ်ဖုံးကာဆီး လျက်ရှိတော့၏။

မြစ်မကြီးအတွင်းမှ လွင့်ပျံတက်လာသော ရေခိုး ရေငွေ့များနှင့် ကောင်းကင်မှ တဖွဲဖွဲကျဆင်းလာသော နှင်းငွေ့များ ပေါင်းဆုံ အုံ့မှိုင်း ကားဆီးနေသောကြောင့် မြစ်ကမ်းနှစ်ဖက်ရှိ သစ်ပင်အုပ်၊ ချုံပင်ငယ်၊ သောင ကမ်းစွယ် ညိုညိုတို့ကို ခပ်ဝေဝေ ဝါးဝါးသာ လှမ်း၍ မြင်နေရတော့၏။

လပြည့်ခဲ့သည်မှာ လေးငါးဆယ်ရက်မကကြာခဲ့ ပြီဖြစ်၍ လဆုတ်ရက် ကောင်းကင်တွင် ငွေလမင်း ဝင်းပခြင်းမရှိ၊ မျက်တောင်ခတ်လျက် တဖိတ်ဖိတ် လင်းလက်နေသော ကြယ်ကလေးများ၏ ဘော်ငွေ ရောင်တို့သည် ပိန်းပိတ်မတတ် ခြုံသိုင်း၊ အုံ့ဆိုင်းနေ သော နှင်းထုမြူထုကြီးကို မထိုးဖောက်နိုင်ရှာပါ။ ထို့ကြောင့် တသောသော ရစ်ခွေလျက်ရှိသောမြစ်ပြင် တစ်ကြောတွင် အမှောင်ထုကသာ ကြီးစိုးလျက် ရှိနေသည်။

သီတင်းကျွတ်လပြည့်ကျော်ပြီးကတည်းက ဖိုးနီ တို့ မြစ်ဝကျွန်းပေါ်ဒေသတစ်ခွင်တွင် “ကျ–မ” ဆွဲ သည်ဟုခေါ်သော ရေတွေစ၍ ဆုတ်နေပြီ။ ကွင်းရေ၊ ကန်ရေ၊ တမံရေ၊ ရိုးချောင်းရေတို့သည် မြောင်းငယ်မှ သည် ချောင်းသို့လည်းကောင်း၊ ချောင်းမှတစ်ဆင့် မြစ်သို့လည်းကောင်း မြစ်မှတစ်ဆင့် ဟိုးအောက်တော ပင်လယ်ဘက်ဆီသို့ အားနှင့်အင်နှင့် စီးဆင်း ကုန်ကြပြီ။

ထိုကဲ့သို့ အလုံးအရင်းနှင့်၊ အင်နှင့်အားနှင့်စီးဆင်း နေသော ရေထဲတွင် မိုးကျရေဝင်လယ်ကွင်းတစ်ခွင်၌ တစ်မိုးတွင်းလုံး ရှင်သန်ပျော်မြူးနေခဲ့ကြသော ငါး၊ ပုစွန်၊ ခရု၊ ကဏန်းတွေပါ စုန်ဆင်းလိုက်ပါသွားကြပြီ။ မြစ်ရေသည် နောက်သည်လည်းမမည် ကြည်သည် လည်းမဟုတ် စိမ်းပုပ်ပုပ်အဆင်းနှင့် ကသောကမျော အတင်းထိုးဆင်းလျက် ရှိတော့၏။ သတ္တဝါတို့သည် သူတို့၏ ဘဝပေးအသိတရားအရ၊ ဘယ်အချိန် ဘယ်ရာသီတွင် ဘယ်နေရာ၌ ကျက်စားရှင်သန်ရမည် ကို သိနေကြနားလည်နေကြသည်မှာ အံ့သြစရာ တော့ ကောင်းလှလေ၏။

တစ်မိုးတွင်းကာလပတ်လုံး အုန်းအုန်းခြိမ့်ခြိမ့် မိုးတွေရွာပြီး ချောင်းရေလျှံ၊ ကန်ရေတိုးစဉ်က လယ် ကွင်းအနှံ့၊ တမံတကာ ရိုးချောင်းဂယက်ကွင်းတွေပါ မကျန် တက်ရောက်ကျက်စားရှင်သန်ပေါက်ပွားနေ ခဲ့ကြရာမှ ငါးဆင်းမိုးကြီး တဖြုန်းဖြုန်းရွာပြီး ရေတွေ ပေါင်းလန်အောင် လျှံနေတုန်းမှာလည်း သူ့တို့ပျော်မြူး မဆုံးရှိကြဆဲပင်၊ ယခုလို “ကျ–မ” ဆွဲချိန်မှာတော့ ရေတွေခန်းခြောက်တော့မည်ကို မည်သို့မည်ပုံ သိသည်မဆိုနိုင်၊ အကုန်လုံး ကျရေနောက်သို့ ကောက်ကောက်ပါချေတော့၏။ ကွင်းထဲရိုးထဲတွင် ငါးသေးငါးမွှားများနှင့် နွံထဲနုန်းထဲတိုးဝင် အသက်ရှင် နေနိုင်သော ရေသတ္တဝါတို့သာ ကျန်ရစ်ကြ လေတော့၏။

ငါးတွေ၊ ပုစွန်တွေက ယင်းကဲ့သို့ သိတတ်ကြ၊ ပါးနပ်ကြသလို ဖိုးနီတို့လို တံငါတွေကလည်း ငါး၊ ပုစွန်တို့၏ သဘောကို နှောကျေအောင် သိထားကြ၊ နားလည်ထားကြပါ၏။ သြော်… တံငါအလုပ်နှင့် အသက်မွေးနေတာ ဒါလောက်မှ နားလည်မထား လို့ကတော့ ထမင်းအိုးတည်ရန် ဘယ်ကလာ ဆန် ရပါမည်နည်း။

ယခုလည်းကြည့် မြစ်ရိုးတစ်လျှောက် ပုစွန်ခပ် သမားတို့၏ မီးခွက်မီးပုံးတွေ ဟိုဟိုသည်သည်သွား လာ လှုပ်ရှားပျားပန်းခပ်နေကြပြီ။ သည်ကနေ့ည ဆယ့်နှစ်နာရီခန့်တွင် ရေကျမည်ကိုတွက်ချက်သိရှိ ထားကြသဖြင့် ညဆယ်နာရီလောက်ကတည်းက ရေစီးရေလာကောင်းသော ကမ်းစပ်၊ ကမ်းကွေ့ များတွင် ကိုယ်စီကိုယ်င နေရာဦးထားကြပြီ။

“တံငါလုပ်စား သားအဖမရှိ”ဆိုတဲ့ စကား အတိုင်းသားရယ်၊ အဖရယ်၊ ဆွေမျိုး၊ သူငယ်ချင်းရယ် ဆိုပြီး ဦးစားမပေးနိုင် နေရာကောင်းမှန်သမျှ ပုစွန် ခပ်သမားတွေရောက်နှင့်နေကြပြီ။ နောက်ကျမှ ရောက်လာသူများကလည်း သူတို့တံငါလေ့၊ တံငါ စည်းမျဉ်းအရ နေရာ ဝင်မလုကြ၊ နေရာဦးသူ မရှိသေး သော မြစ်ပြင်တစ်ကြောမှာ ကသောကမျောနှင့်နေရာ ရှာကြတော့၏။

သရွတ်သွတ်မြစ်သည် အရှေ့စု၊ ကြီးတော်ကွင်း၊ အရှေ့ဒရင်း၊ အနောက်ဒရင်း၊ ဆင်ကူးစသည့်များပြား လှသော ရွာစဉ်ရွာဆက်တို့ကိုကျော်၍ ဟိုးထိပ်ဝ ဆိုသည့် ရွာအလွန်တွင် မြစ်မကြီးနှင့်သွား၍ ပေါင်းဆုံ စီးဝင်လေ၏။

ထိုမြစ်မကြီးမှတစ်ဆင့် အိမ်မဲ၊ ကျောင်းကုန်း၊ ပန်းတနော်၊ကျုံပျော်၊ ရွှေလောင်း စသည့်မြို့ကလေး တွေဆီ ခရီးဆက်နိုင်လိေသည်။ မြစ်မကြီး တစ်လျှောက် အသွယ်သွယ်ယှက်ဖြာနေသော ချောင်း တွေ၊ မြောင်းတွေ၊ တမံတွေ၊ အင်းတွေက တွန်းထိုး ထွက်လာသော ဗေဒါဖောင်တွေ၊ ဒိုက်ပုံတွေ၊ ကန်စွန်း ဖောင်တွေ၊ ကနဖော့ဖောင်တွေ၊ ကညွတ်ဖောင်တွေ မဲမဲလှုပ်မျှ မျောပါစီးဆင်းလာနေကြသည်။

ကွင်းထဲ၊ ရိုးထဲ၊ချောင်းထဲ၊ တမံထဲတို့မှ ကျရေနှင့် အတူ သက်ဆင်းလာကြသော ပုစွန်ဆတ်တုပ် လက်မ ကား၊ လက်မဝါ၊ ပြောင်ထုပ်တို့သည် မြစ်ထဲသို့ ရောက်လာကြသောအခါ သူ့ဘာသာ ရေထဲကူးခပ် စုန်ဆင်း၍ သွားကြမည်မဟုတ်၊ မြစ်မကြီးထဲ မျောပါ လာကြသော ကန်စွန်းဖောင်၊ ဒိုက်ပုံ၊ ဗေဒါအုံတို့၏ ရေထဲသို့ တစ်တောင်တစ်ထွာခန့် ထိုးဆင်းနေကြ သော အမြစ်သား၊ အမြစ်မွှား များတွင် လက်မများဖြင့် ညှပ်တွယ်လျက်လိုက်ပါခရီးနှင်လေ့ရှိကြသည်။

ဤကဲ့သို့ တွယ်ကပ်လိုက်ပါတတ်သော သတ္တဝါ များမှာ ပုစွန်တစ်မျိုးတည်းသာ မဟုတ်၊ ဖောင်စီး ကဏန်းတို့လည်းရှိသေး၏။ ၎င်းအပြင် ဒိုက်ဖောင် တွေပေါ်မှာ ခွေရင်း၊ လွန့်ရင်း မြွေပတုံ့၊ ရေမြွေနှင့် အဆိပ်ရှိမြွေများလည်းပါတတ်သေးသည်။

ဤကဲ့သို့ တွယ်ချိတ်၍ လိုက်ပါလာကြသော ပုစွန် တို့သည် သူတို့အတွက် အစာရေစာပေါသည့် နေရာ၊ လုံခြုံဘေးကင်းစွာ ခိုအောင်းနိုင်မည့် မြစ်ဝှမ်း၊ ချောင်း ကွေ့၊ သောင်စပ်၊ ကမ်းပါးစသည့် စိတ်ကြိုက်နေရာ များသို့ရောက်လျှင် အမြစ်များတွင် ခိုတွယ်နေရာမှ လွှတ်ချကာနေခဲ့တော့၏။

“အဲဒီပုစွန်တွေဟာ ကျွန်တော်တို့လို တံငါတွေက သာဆီးပြီး ဖမ်းယူ၊ ခပ်ယူမလုပ်ကြဘူးဆိုရင် ဘယ်အထိ ဆက်ပြီးပါသွားကြမှာလဲဟင် အဖေ။ ပင်လယ်ကြီးဆီအထိ ပါသွားကြမှာလားဟင်”

ဖိုးနီ ဆယ့်လေးငါးနှစ်သားအရွယ် လက်သင် တံငါဘဝတုန်းက ဖခင်ဖြစ်သူကို မေးကြည့်ခဲ့ဖူး၏။ ဖိုးနီ၏မေးခွန်းကိုကြားရတော့ ဖခင်ဖြစ်သူ ဦးတောကျော်က သဘောကျစွာ တဟားဟား အော်၍ ရယ်ရင်း–

“အေးကွ ငါ မင်းအရွယ်တုန်းကလဲ ငါ့အဖေ၊ မင်းအဘိုးကို မေးခဲ့ဖူးတာပဲ၊ တံငါလုပ်စ လက်သင် ကလေးဆိုတော့ ဘာမဆို သိချင်၊ တတ်ချင်၊ စူးစမ်း ချင်တဲ့ အရွယ်ကိုး”

အဲသည်တော့ အဘိုးက ဘာပြောလဲ အဖေရ။

“ပြောမှာပေါ့ကွာ၊ ပြောရမှာပေါ့။ ငါးတို့၊ ပုစွန်တို့ရဲ့ စရိုက် သဘာဝကို တံငါလုပ်စားမယ့်သူက သိကို သိထားသင့်တာပေါ့”

“အခုလို “ကျ–မ ”ဆွဲချိန်မှာ ဖောင်စီးပြီးလာကြတဲ့ ပုစွန်တွေဟာ ရေချိုပုစွန်တွေကွ။ ရေငန်ဘက်တွေမှာ သူတို့ မနေနိုင်ဘူး။ တို့ငယ်ငယ်တုန်းက ပင်လယ် ရေငန်ဟာ ဟိုးမြောင်းမြအောက် ဘက်လောက်အထိ တက်တယ်လို့သိရတယ်။ အခုတော့ မြစ်တွေ၊ ချောင်း တွေဟာ သောင်တွေထွန်းပြီး တိမ်တိမ်လာတော့ ရေငန်ဟာ တဖြည်းဖြည်းဆုတ်ဆုတ်သွားတယ်ကွ။ အဲဒီတော့ ရေချိုမှာသာ ပေါက်ပွားရှင်သန်တတ်တဲ့ ငါးတွေ၊ ပုစွန်တွေဟာ ရေငန်ရောက်တဲ့ အရပ်ဒေသ မရောက်ခင် အကွက်အကွင်းကောင်းတဲ့နေရာ၊ ချောင်းမြောင်းတွေပေါပြီး၊ ကမ်းစပ်မှာလဲ လမုပင်၊ လမဲ့ပင်၊ ဓနိပင်၊ ဓနုန်းပင်၊ခရာပင်၊ ကျူပင်တွေပေါပြီး ရေပိုးရေမွှား၊ ရေညှိရေမှော်နဲ့ ရေသြဇာကောင်းတဲ့ နေရာတွေရောက်တာနဲ့ သူတို့ဘဝပေးအသိနဲ့ ဆင်းပြီးရှင်သန်ကြ၊ ပေါက်ပွားကြနဲ့ မျိုးမသုဉ်းကြ တော့ဘူးပေါ့ကွာ”

ငယ်ဘဝအကြောင်းတွေ ပြန်တွေးရင်းဆုံးသွား တာ ကြာပြီဖြစ်သော ဖခင်ကြီးကိုသတိရကာ လွမ်း သလိုလို၊ ဆွေးသလိုလိုကြီး ဖြစ်မိလေသည်။

“ဒါနဲ့ နေပါဦး အဖေရဲ့။ ဟိုးမြစ်ညာဘက်မှာ ကျွန်တော်တို့ရဲ့ အရင်ပုစွန်ဖောင်စီးတွေ ခပ်နေတဲ့ သူတွေကလဲ ရှိသေးတယ်မဟုတ်လား။ သူတို့ ခပ်ယူပြီးသာ ဒိုက်ဖောင်တွေကို ကျွန်တော်တို့က ထပ်ခပ်တော့ ပုစွန်ကော ပါလာအုံးမှာမို့လို့လားဗျ။

သားဖြစ်သူ လက်သင်တံငါကလေးကို အဖေ ဖြစ်သူက အမေးအမြန်း ထူရန်ကောဟု စိတ်တိုမည် ကြံသေး၏။ ပြီးမှ သူသိချင်လို့ မေးတာပဲဟု တွေးရင်း–

“မင်းပြောသလိုတော့ မဟုတ်ဘူးကွ။ မြစ်ပြင် တစ်ကြောမှာ မျောလာတဲ့ ဒိုက်ဖောင်တွေဟာ အများ ကြီးကွ။ ဘယ်သူကမှ ကုန်အောင်ခပ်ယူနိုင်ကြတာ မဟုတ်ဘူးကွ။ ရေစီးနဲ့မျောလာတာဆိုတော့ တစ်ဖောင်လောက် ကိုယ်ကခပ်ယူတုန်း ဘေးနားက ဒိုက်ဖောင်တွေက ဆက်မျောသွားတယ်။ ပြီးတော့ ပုစွန် တွေက အသိဉာဏ်ရှိတာကလား သားရဲ့။ အမြစ်တွေ ကိုတွယ်ပြီး လိုက်လာပေမဲ့ သူတို့ဘေးရန်ကိုလဲ သူတို့ဂရုစိုက်ကြတယ်။ ခပ်ယူမယ်လို့ ဒိုင်းဝန်းကြီး ဘေးနား စွပ်ခနဲ ရောက်လာတာနဲ့ တွယ်နေတာကနေ လွှတ်ချပြီး ရှောင်သွားကြတယ်။ အေး အမှုမဲ့ အမှတ်မဲ့နေတဲ့အကောင်၊ နောက်ကျသွားတဲ့အကောင် တွေလောက်သာ လူတွေလက်ထဲပါသွားတာကွ။ စောစောက ရှောင်ထွက်သွားတဲ့ အကောင်တွေဟာ ဘေးအန္တရာယ်ကင်းပြီလို့ယူဆရတဲ့အခါ နီးရာ ဒိုက်ဖောင်မှာ ပြန်တွယ်ကြပြန်တာပဲကွ နောက်ပြီး တော့လဲ နားထောင်လိုက်စမ်း၊ ဘာသံတွေကြားရ သလဲ၊ တဝေါဝေါနဲ့ ကြားနေရတယ်မဟုတ်လား။ အဲဒါ မြစ်ကမ်းနှစ်ဖက်မှာရှိတဲ့ ထူးပေါက်တွေ ကလိုင်ပေါက်တွေကနေ မြစ်ထဲကိုရေကျနေတဲ့ အသံတွေပေါ့ကွ။ အဲသည်နေရာတွေကလဲ ပုစွန်တွေ ဆင်းတတ်တယ်ကွ။ ကွင်းထဲရိုးချောင်းထဲက

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၂ ဒသမ ၇၇ တင်းထွက်ရှိ



**မုံရွာ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၂ ဒသမ ၇၇ တင်းထွက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၃၅၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဒီဇင်ဘာလဒုတိယ ပတ်မှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၅၃၅၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဆောင်းနှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခူပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခူပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ငါးခူ ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးခူပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်က ဝယ်ယူမှုအပေါ် မူတည်ပြီး ဒီဘက်ကနေ တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာပါတယ်။ လက်ရှိမှာလဲ ဝယ်ယူမှုအားကောင်းနေပါတယ်။ ရန်ကုန်စျေးကွက်ကို တင်ပို့ရတဲ့ လမ်းကြောင်းလဲ အဆင်ပြေပါတယ်" ဟု ဝါးခယ်မမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြ၍ သိရသည်။



ဝါးခယ်မမြို့နယ်တွင် ဒေသထွက်ငါးခူများကို ဒေသစျေးကွက်အပြင် ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူမှုအား ကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ပုစွန်တွေဆင်းတတ်တဲ့နေရာတစ်ခုပဲလို့ မှတ်ထားပေတော့။ ပြီးတော့ ဟောဒီမြစ်တစ်ကြောမှာ မြစ်ထဲကိုစီးဝင်နေကြတဲ့ ချောင်းလက်တက်တွေ၊ မြောင်းတွေ၊ အမြွာအမြွာနဲ့ ဘယ်လောက်များသလဲ။ ရေတောင် မရေတွက်နိုင်ဘူးမဟုတ်လား။ အဲဒီတော့ ဒါလောက်များတဲ့နေရာတွေက ဆင်းဆင်းလာကြတဲ့ ပုစွန်တွေဟာ တွေ့ရာနီးရာ ဒိုက်ဖောင်တွေမှာ ဝင်ပြီးခိုကြ၊ ကပ်ကြ၊ တွယ်ကြပြန်ရော၊ ဒါကြောင့် ကိုယ့်အထက် မြစ်ညာဘက်မှာ ဘယ်လောက်ခပ်ယူယူ ငါတို့ခပ်လို့ မရတော့ဘူးဆိုတာ ဟုတ်ပါ့မလားကွ။ ရေသတ္တဝါ၊ ရေပိုးရေမွှားဆိုတာ မရေတွက်နိုင်အောင်များတာ သားရဲ့။ ဒါကြောင့်လဲ ငါတို့ဘိုးစဉ်ဘောင်ဆက်၊ သားစဉ်မြေးဆက် တံငါလုပ်ပြီး အသက်မွေးနိုင်ကြတာပေါ့"

မလှမ်းမကမ်းရှိ သောင်ခုံတန်းကြီး ထက်ဝက်မက ပေါ်လာခဲ့ပြီ။ သောင်ကမ်းစပ်ရှိ ဝက်လာ၊ ငတန်ပိန်း၊ ခရာပင်များ ရေစပ်နှင့် အတော်ဝေးဝေးမှာကျန်ခဲ့ပြီ။ တံတောင်ဆစ်ချိုး စီးဆင်းလာသောမြစ်ရေသည် တဟဲဟဲနှင့် ကမ်းပါးကို တိုးတိုက်စီးဆင်းနေပြီ။ စိမ်းပုပ်ပုပ်မြစ်ရေကြောတွင် ဗေဒါအုံများ၊ ဒိုက်သရေပုံများ၊ ဟိုမှာ တစ်ပုံသည်မှာတစ်ပုံ သူ့ထက်ငါအပြိုင် မျောပါလာနေကြသည်။

လှေပွဲပိုင်းတွင် ခမောက်ကိုမျက်နှာပေါ်ဖုံးပြီး အိပ်နေသော မကျင်ငွေကို ပါးစပ်ကမခေါ် လှေကို အသာလှုပ်၍ နှိုးလိုက်သည်။ သောင်စပ်တွင် ဝါးလုံးတိုင်ကလေးစိုက်၍ လှေကြိုးချည်ထားသည်ကိုဖြုတ်သည်။ ပြီးလျှင် ထိုဝါးလုံးဖြင့်ပင် သောင်ပြင်ကိုထိုးကန်ပြီး လှေကိုကမ်းမှခွာထုတ်လိုက်သည်။ မြစ်လယ်ရေကြောကိုရောက်လျှင် မကျင်ငွေက လှေဝမ်းထဲရှိ ဒီဇယ်မီးခွက်ကို ထွန်းညှိလိုက်သဖြင့်လှေကလေး၏ ဝန်းကျင်တစ်ခွင်လုံး မီးရောင်များလင်းလက်သွားသည်။

"ကျုပ် အိပ်ပျော်သွားတယ်တော်။ ရေတောင်ကျနေပြီနော်" သူ အိပ်ပျော်သွားသည့်အတွက် ဖိုးနီကို အားတုံ့အားနာ ပြောသည်။

လှေပွဲမှ လှော်နေသော မကျင်ငွေကို ဖိုးနီ ကြင်နာစွာ ကြည့်လိုက်သည်။ ကြည့်စမ်း သည်မိန်းမနဲ့ ပေါင်းသင်းလာတာ နှစ်ပေါင်းပင်နည်းတော့သည်မဟုတ်။ အကြီးဆုံးသားသည်ပင် ဆယ်တန်းဖြေတော့မည်။ သူ့အောက်မှာ အငယ်က သုံးယောက်ရှိသေးသည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ထမ်းပိုးတစ်ဖက်စီဝင်၍ရုန်းကာ ဘယ်တုန်းကမှ စိတ်ပျက်ငြီးငြင်ခဲ့သည် မရှိစဖူး။

ဖိုးနီဘဝအတွက် တကယ့်လက်တွဲဖော်ကောင်းတစ်ယောက် ပီသခဲ့ပါ၏။ လင်နှင့်မယားဆိုတာ ချမ်းသာအတူ၊ ဆင်းရဲအမျှ ဆိုထားခဲ့ကြသော်လည်း ဘယ်တုန်းကမှ ချမ်းသာအတူ မနေခဲ့ကြရ။ သူ့ခမျာ ဆင်းရဲအမျှသာခံစားနေခဲ့ရသည်မှာ ယနေ့ထက်ထိ မဟုတ်လား။

**ဆက်လက်ဖော်ပြပါမည်။**

## အဖြူနဲ့အမည်း

\- အများအတွက် ပေါ့
အားဆက်လို့ ပေးတဲ့သူ၊
ချို့တဲ့လျှင် အတွေးလှနဲ့
ဖေးမလို့ကူ၊
စိတ်အတွေး သန့်ဖွေးဖြူ
ရိုးသားမှု ဆင်သူများ၊
အဖြူရောင်ဘဝထဲမှာ
အလှမြဲပေတကား။

\- ကိုယ့်အတွက်ပေါ့
တစ်ဘို့ယက်လို့ လုပ်ဆောင်သူ၊
များကျိုးကို ဘယ်မကြည့်
ဘေးဖယ်သည့်လူ၊
အတ္တဖွဲ့ စိတ်မွေးမြူ
ညစ်ထူတဲ့ ထိုလူများ၊
ဘဝကို တလွဲအချစ်တွေနဲ့
မည်းညစ်စေတကား။

\- တို့ကိုယ်စီ ဘဝထဲမှာပေါ့
အညစ်မည်းနဲ့ အလှဖြူ
ဘယ်အရာ ကိုယ်ပိုင်ဖြစ်လို့
ဆန်းစစ်ပါမူ၊
ဘဝချင်း အတူတူ
သုံးချသူ မတူကွဲ၊
အလှ အညစ်ရယ်လို့
ဘဝအဖြစ် ဇာတ်ခုံပေါ်မှာ
ဖော်ညွှန်းသူ ကကွက်အတိုင်း
အို...
သမိုင်းဖြစ်တာပဲ။ ။

**လွမ်းလေးကို(သရက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ငါးခေါင်းပွပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ငါးခေါင်းပွတွေ တင်ပို့အား ထပ်ကောင်းလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွကဝယ်လိုအားများနေလို့ဈေးကောင်းရရှိနေတာပါ။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်လိုအား ကောင်းလာသလို ဈေးလဲ မြောက်လာပါတယ်။ ဒါ့ကြောင့် ငါးလုပ်ငန်းရဲ့နယ်ပယ် အသီးသီးကသူတွေ အဆင်ပြေနေပါတယ်။''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငါးခေါင်းပွတစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးများနေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ မြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၂ ဒသမ ၁၇ တင်းထွက်ရှိ

ရေဦး မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲသီးနှံ ၁၀၂၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၁၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ၁၀၂၄၈ ဧကအထိဘဲစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲနုတ်သိမ်းပြီးစီးမှုအနေနဲ့ တစ်ဧကကို ၇၂ ဒသမ ၁၇ တင်းထွက်ရှိပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်း ခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖျန်းများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့်တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ထွက်ရှိကြောင်း သိရသည်။



မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် ကြို့ကျောင်းကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစစ်ဆေး

မြို့သစ် မတ် ၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်မိးရောင်စီမံကိန်းအတိုးရငွေဖြင့် ကြို့ကျောင်းကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများ မတ် ၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများသည် မြစ်မိးရောင်စီမံကိန်း အဖွဲ့ဝင်များနှင့်အတူ အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစ်မိးရောင်စီမံကိန်း အဖွဲ့ဝင်များကို လုပ်ငန်းများ သတ်မှတ် စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြို့သစ်မြို့နယ်တွင် ကြို့ကျောင်းကုန်းကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် မြစ်မိးရောင်စီမံကိန်းအတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၈၆ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆၄ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ဖြင့် အဆိုပါဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နှံ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံနှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၆၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၈၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆'၇'၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉'၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁'၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိ



**ကျောက်မြောင်း မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

" ကျောက်မြောင်းမြို့နယ်ခွဲ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ ဖူးစားပြောင်းစိုက်ခင်းတွေ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဖူးစားပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျေးသီးမြို့နယ် ဖာဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး မတ် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာဆောင်ကျေးရွာ၊ ငူးလိန်ကျေးရွာနှင့် ဝမ်ကပ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၅ ရက် နံနက်ပိုင်းက ဖာဆောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ဖာဆောင်ကျေးရွာ၊ ငူးလိန်ကျေးရွာနှင့် ဝမ်ကပ်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၇၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖာဆောင်ကျေးရွာ၊ငူးလိန်ကျေးရွာနှင့် ဝမ်ကပ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၇၀ ထုတ်ချေးပေးခဲ့ကြောင်း ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# လမ်းညွှန်စီရင်ထုံးမှညွှန်ပြသော သိမှတ်ဖွယ်ရာဥပဒေများ

စိန်လှိုင်ဗိုလ်

ရာဇဝတ်မှုများတွင်လည်းကောင်း၊ တရားမမှုများတွင်လည်းကောင်း ကျင့်ထုံးဥပဒေများ အသီးသီး ရှိကြပါသည်။ တရားမမှုများတွင် ပစ္စည်းလက်လွတ်ဆုံးရှုံးခြင်းဖြင့် နစ်နာသူသည် မိမိ၏သက်သာခွင့်ကို တရားစွဲဆို၍ တောင်းဆိုရပါသည်။ ရာဇဝတ်မှုများတွင်မူ ဥပမာ ကျော်နင်းခံရခြင်းကြောင့် မူလပိုင်ရှင်လက်လွတ်ဆုံးရှုံးရသည့်ပစ္စည်းအပေါ် သီးခြားတရားမမှုစွဲဆိုရန်မလိုဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)တို့အရ လျှောက်ထားရယူနိုင်ပါသည်။ သိမှတ်ဖွယ်ရာကောင်းသော စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

ဦးဓမ္မကေသရသီတင်းသုံးရာ ဒိုင်းဝန်ကွင်းရှိ ကတိုးကျောင်းတိုက်သို့ ဦးနန္ဒသာရ ပါကိုးဦးတို့သည် ဧည့်သည်များအဖြစ် လာရောက်သီတင်းသုံးကြသည်။ ထို့နောက် ဦးဓမ္မကေသရကို ခြိမ်းခြောက်၍ ကျောင်းမှထွက်ခွာစေသည်ဟု မော်လမြိုင်မြို့နယ်တရားရုံးက တရားခံများအပေါ် **ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၅၁ အရ (၆)လအတွင်း ခံဝန်ချုပ်ဖြင့် ကောင်းမွန်စွာနေထိုင်စေရန် အမိန့်ချမှတ်ခဲ့သည်။**

ထိုသို့ တရားခံများအပေါ် ပြစ်ဒဏ်သတ်မှတ်သောအမိန့်ကို တရားရုံးက ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ မူလရုံးတရားလို ဦးဓမ္မကေသရက ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် တရားခံများကို အချင်းဖြစ်ကျောင်းတိုက်မှ ဖယ်ရှားပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)အရ လျှောက်ထားခဲ့ပါသည်။ **ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)တွင် ပိုင်နက်ကျူးလွန်သူ အပြစ်ရရှိပြီးသည့်နေ့မှ တစ်လအတွင်း ပစ္စည်းလက်လွတ်ခံရသူကိုပစ္စည်းပြန်လည်လက်ရောက်ပေးအပ်ရန် ပြဋ္ဌာန်းထားပါသည်။ တရားရုံးက ၎င်းလျှောက်လွှာကို ခွင့်ပြုကြောင်း ၁၉၇၃ ခုနှစ် ဖေ ၂၀ ရက်တွင် အမိန့်ချမှတ်ခဲ့ပါသည်။**

ထို့ကြောင့် တရားခံများ အပြစ်ပေးခံရသော ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်မှ ခွင့်ပြုမိန့်ချမှတ်သောနေ့မှာ ရက်ပေါင်း ၉၀ ကျော် အချိန်ကြာမြင့်လျက်ရှိပါသည်။ အမှန်အားဖြင့် ဤအမိန့်မျိုးကို **အချိန် တစ်လအတွင်း ချမှတ်ရမည်သာဖြစ်သည်။** ထို့ကြောင့် တိုင်းတရားရုံးသို့ တရားခံများက ပြင်ဆင်မှုတင်သွင်းလာသောအခါတွင် ကာလစည်းကမ်းသတ်အချိန် ကျော်လွန်သည်ဟူသော အကြောင်းဖြင့် မူလရုံး၏အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်လိုက်ပါသည်။

ဦးဓမ္မကေသရက တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းဝင်ရောက်ခဲ့သောအခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)အရ ပြစ်ဒဏ်ထင်ရှားစီရင်သည့်နေ့မှ တစ်လအတွင်း တရားရုံးက ပစ္စည်းကို မတရားလက်လွတ်ခံရသူထံ ပြန်ပေးရန်အမိန့်ချမှတ်သင့်လျှင် ချမှတ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့ရာတွင် မူလတရားရုံးသည် တရားခံများကို ပြစ်ဒဏ်ချမှတ်သောအချိန်တွင် မတရားလက်လွတ်ခံရသူထံသို့ ပစ္စည်းကို ပြန်လည်လက်ရောက်ပေးအပ်ရန် မူလအမိန့်တွင် ထည့်သွင်းသတ်မှတ်ခဲ့ခြင်းမပြုခဲ့ချေ။ လျှောက်ထားသူက လျှောက်လွှာတင်သောအခါမှ လက်ခံစဉ်းစား၍ ရက်ပေါင်း ၉၀ ကျော်ကြာမြင့်ပြီးမှ အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ လွဲမှားချက်ရှိကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။ (မူလရုံးတရားလိုသည် တရားခံများအပေါ် ဇန်နဝါရီ ၆ ရက်တွင် တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် ဇန်နဝါရီ ၈ ရက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)အရ လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်)



သို့ရာတွင် တရားခံများသည် သူတစ်ပါးကျောင်းတိုက်အတွင်း အဓမ္မကျူးကျော်နေထိုင်ခြင်းပြုလုပ်သည်ဟူ၍ တရားရုံးက ပြစ်ဒဏ်သတ်မှတ်ခဲ့ပြီးဖြစ်သောကြောင့် ဤသို့ပြစ်ဒဏ်ပေးခြင်းခံရသူများကို ပစ္စည်းလက်ရောက်ပေးအပ်ထားသောသဘောဖြစ်နေလျှင် မျှတမှုရှိမည်မဟုတ်ကြောင်း တရားရုံးများသည် ဥပဒေပါသတ်မှတ်ချက်များကို စဉ်းစားသောအခါတွင် တရားမျှတမှု ရှိ၊ မရှိကိုပါ ပူးတွဲစဉ်းစားရန်လိုအပ်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)သည် မူလရုံးနှင့်သက်ဆိုင်ပါသည်။ အချိန်တစ်လ ကန့်သတ်ချက်ထားရှိသော်လည်း **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)မှာ အယူခံ သို့မဟုတ် ပြင်ဆင်မှုများနှင့်သက်ဆိုင်ပြီး အချိန်ကန့်သတ်ချက်မရှိပေ။** ထို့ကြောင့် တိုင်းရုံးအမိန့်ကို ပယ်ဖျက်၍ ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)အရ အချင်းဖြစ် ကတိုးကျောင်းတိုက်ကို လျှောက်ထားသူ ဦးဓမ္မကေသရကို လက်ရောက်ပေးအပ်စေရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၁)အရ တစ်လအတွင်း အမိန့်ချမှတ်ခဲ့ခြင်း မရှိခဲ့သော်လည်း အယူခံပြင်ဆင်ရုံးများသည် ကျင့်ထုံးဥပဒေပုဒ်မ-၅၂၂(၃)အရ ပစ္စည်းလက်လွတ်ခံရသူအား ပစ္စည်းကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း ဦးဓမ္မကေသရနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဦးနန္ဒသာရပါ ၉ ဦး ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၅၀၂(ခ) ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

ထပ်မံတင်ပြမည့် ဥပဒေဗဟုသုတစီရင်ထုံး အကိုးအကားမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၄၂၀ လောင်းကစားကြေးငွေများ သိမ်းဆည်းထားသူက အလွဲသုံးစားပြုလျှင် လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ခြင်းဖြစ်၍ တရားစွဲဆိုခွင့်ရှိကြောင်း သိရှိကြစေရန် ဖြစ်ပါသည်။

တရားမမှုများတွင် ပဋိညာဉ်ဥပဒေအရ အလောင်းအစားနှင့်ပတ်သက်၍ ပြုလုပ်သောသဘောတူညီချက် ပဋိညာဉ်ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့်မသက်ဆိုင်ပါ။ သူတစ်ပါးက ယုံကြည်အပ်နှံထားသောငွေကို အလွဲသုံးစားပြုလုပ်လျှင် သို့မဟုတ် ကိုယ်ကျိုးအတွက် လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာရောက်ကြောင်း တရားမဝင်သောနွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မယူဆနိုင်ဘဲ တရားစွဲဆိုခွင့်ရှိကြောင်း ပြညွှန်းသောစီရင်ထုံးဖြစ်ပါသည်။

သဲကုန်းမြို့၊ မိုးကောင်းကျောင်း၊ ဘုန်းကြီးပျံပွဲတွင် လှည်းယဉ်ပြိုင်ပွဲ ပြုလုပ်ခဲ့သည်။ အောင်လံမှ လှည်းယဉ်နှင့် ဝက်ထီးကန်မှ လှည်းယဉ်တို့ ယှဉ်ပြိုင်ရာတွင် နှစ်ဖက်လောင်းကြေးငွေကျပ် ၂၀၀၀၀ ကို အတွင်းရေးမှူးဖြစ်သော ဦးထီဆိုသူက လက်ခံရယူထားသည်။ ပြိုင်ပွဲပြုလုပ်ပြီးနောက် အနိုင်အရှုံးနှင့်ပတ်သက်ပြီး အရှုပ်အရှင်းဖြစ်ပေါ်နေစဉ် ဦးထီက လောင်းကြေးငွေများကို ရဲစခန်းသို့ သွားရောက်ပေးအပ်ထားမည်ဟု ပြောပြီး ထွက်သွားသည်။

ဦးထီသည် ထိုငွေကို ရဲစခန်းသို့မပေးအပ်ဘဲ ဦးစိန်မောင်ဆိုသူနှင့်ပူးပေါင်း၍ ကိုယ်ကျိုးအဖြစ်သုံးစွဲထားကြောင်း အကြောင်းပြု၍ ဦးထီနှင့် ဦးစိန်မောင်တို့အပေါ် ပူးပေါင်းကြံစည်၍ လိမ်လည်မှု၊ အလွဲသုံးစားမှုတို့ဖြင့် တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီး တရားခံများအပေါ် စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို ပယ်ဖျက်ပေးရန် တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့တက်ရောက်လာသော ပြင်ဆင်မှုဖြစ်ပါသည်။ ဦးထီပါ ၂ က လောင်းကြေးငွေများကို အနိုင်ရရှိသည်ဟု ဆုံးဖြတ်သော အောင်လံလှည်းယဉ်အဖွဲ့သို့ ပေးလိုက်ပြီဖြစ်ကြောင်း ဤအမှုမှာ နိုင်ငံတော်အစိုးရက တားမြစ်ပိတ်ပင်ထားသော လောင်းကစားခြင်းမှ စတင်ပေါ်ပေါက်ရသည်ဖြစ်၍ တရားစွဲဆိုခွင့်မရှိကြောင်း အကြောင်းပြု၍ တရားရုံးချုပ်သို့ လျှောက်ထားခြင်းဖြစ်ပေသည်။

တရားမမှုများတွင် ပဋိညာဉ်ဥပဒေအရ အလောင်းအစားနှင့်ပတ်သက်၍ ပြုလုပ်သောသဘောတူညီချက် ပဋိညာဉ်မှာ ပျက်ပြယ်သည်ဟူ၍ ပြဋ္ဌာန်းချက်ရှိသည်မှာ မှန်ကြောင်း၊ သို့ရာတွင် ၎င်းပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာအမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဗဟိုတရားရုံးက ထောက်ရှုဝေဖန်စိစစ်ခဲ့ပါသည်။ သူတစ်ပါးက ယုံကြည်အပ်နှံထားသောငွေကို အလွဲသုံးစားပြုလုပ်လျှင် သို့မဟုတ် ကိုယ်ကျိုးအတွက်လိမ်လည်ရယူလျှင် ပြစ်မှုကျူးလွန်ရာရောက်ကြောင်း ဗဟိုတရားရုံးက စိစစ်သုံးသပ်ခဲ့ပါသည်။

ဤအမှုတွင် တရားမဝင်သောနွားလှည်းပြိုင်ပွဲအတွက် လောင်းကြေးငွေများဖြစ်၍ ပြစ်မှုမထိုက်ဟု မဆိုနိုင်ကြောင်း၊ ဦးထီပါ ၂ က မိမိထံတွင် အပ်နှံထားသော လောင်းကြေးငွေများကို အနိုင်ရရှိသော အောင်လံလှည်းယဉ်သို့ ပေးပြီးဖြစ်သည်ဟူသော တင်ပြချက်ကိုလည်း စွဲချက်ကိုဖြေရှင်းသောအခါတွင် ဖော်ပြရန်ဖြစ်ကြောင်း၊ ယခုအခြေအနေအရ စွဲချက်ကို ပယ်ဖျက်ပေးရန်အကြောင်း မပေါ်ပေါက်သောကြောင့် လျှောက်လွှာကို ပယ်လိုက်ပါသည်။ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၀ ပါ ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ တရားမမှုပါ ပြဋ္ဌာန်းချက်နှင့်ရာဇဝတ်မှု၏ ပြဋ္ဌာန်းချက်တို့ မတူကွဲပြားခြင်းကို ညွှန်ပြသော **ဦးထီပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးအောင်ရှိန်) ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်-၃၂(ခ)** ကို ရည်ညွှန်းကိုးကားရေးသား တင်ပြလိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းမြေပဲဧက ၇၄၃၀၀ ထိ နုတ်သိမ်းပြီးစီး၊ အထွက်နှုန်းများကောင်းမွန်လျက်ရှိ

**စစ်ကိုင်း မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲဧက ၇၄၃၀၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၉၆၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါမြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၇၄၃၀၀ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၃၆ တင်းထွက်ရှိပြီး အထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။


"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်မှာ မြေပဲဧက ၉၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ဧက ၇၀၀၀၀ ကျော်ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာကြပါတယ်။ မြေပဲကို ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိပြီး တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိကြောင်း မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားကင်းစင်ရေး၊ နုတ်သိမ်းပြီးမြေပဲများ အလေအလွင့်မရှိစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အသင်းလိုက်ကစားပုံထက်မြက်နေတဲ့ မန်စီးတီးအသင်း၊ အေစီမီလန်အသင်း၊ ပီအက်စ်ဂျီအသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်စနေနေ့ညမှာတော့ ထိပ်သီးလိဂ်ငါးခုစလုံး အမှတ်ပေးပွဲတွေ ဆက်လက်ကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ ပြီးခဲ့တဲ့အပတ် စနေမှာတော့ ဘွန်ဒက်လီဂါက ဘိုင်ယန်မြူးနစ်၊ လေဗာကူဆင်၊ ဒေါ့မွန်၊ ဝုဖ်ဘတ်တို့ အနိုင်ရခဲ့သလို စီးရီးအေမှာလဲ ဖီအိုရင်တီးနား၊ နာပိုလီတို့ ရလဒ်ကောင်းခဲ့ပြီး လီဂူးဝမ်းက မိုနာကို၊ နိုက်တို့လဲ ဂိုးပြတ်နိုင်ပွဲရခဲ့တာကြောင့် ပရိသတ်တွေမျှော်လင့်ထားတဲ့ပွဲစဉ်တွေ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ စီးရီးအေက အတ္တလန်တာ၊ ဘွန်ဒက်လီဂါက လိုက်ပ်ဇစ်နဲ့ လာလီဂါက ရီးရဲလ်မက်ဒရစ်တို့ ရှုံးပွဲကြုံခဲ့တာကိုကြည့်ရင် အသင်းကြီးအနည်းငယ်သာ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန် အသင်းတွေကို ချဉ်းကပ်တဲ့အခါ တွေ့ဆုံမှုအစဉ်အလာ၊ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းတို့ကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ လာမဲ့စနေညမှာတော့ အသင်းလိုက်ကစားပုံထက်မြက်နေပြီး စုဖွဲ့မှုကောင်းနေတဲ့ အသင်းကြီးတွေကိုပဲ ဆက်လက်အားပေးရအုံးမှာဖြစ်ပါတယ်။

**မန်စီးတီးအသင်းကို အားပေးရမှာပါ**

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နော်တင်ဟမ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ မန်စီးတီးအသင်းက အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးကစားနိုင်ခဲ့တာကြောင့် နော်တင်ဟမ်ကို ဂိုးပြတ်အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိနော်တင်ဟမ်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းနေတာကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းနေတာဖြစ်ပြီး အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ၁၄ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံး ရမှတ် ၄၈ မှတ်နဲ့ အဆင့်(၃)ထိ ရောက်ရှိနေဖြစ်ပါတယ်။ ဒါ့ပြင် အက်ဖ်အေဖလားပွဲစဉ်မှာလဲ ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ နော်တင်ဟမ်ဟာ တိုက်စစ်မှူးခရစ်ဝုဒ်ကို ခေါ်ယူပြီးနောက်ပိုင်း တိုက်စစ်ပိုင်းဂိုးသွင်းအားကောင်းလာခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ ခရစ်ဝုဒ် ဂိုးသွင်းအားကျဆင်းခဲ့သလို ခံစစ်ကလဲ ပေးဂိုးများခဲ့တာကြောင့် နိုင်ပွဲမရခဲ့ဘဲ သုံးပွဲသရေ၊ နှစ်ပွဲရှုံးခဲ့တာကြောင့် အခုပွဲမှာ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ပစ်မှတ်ထားနေတဲ့ မန်စီးတီးတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်မှာပါ။

မန်စီးတီးအသင်းဟာ ခံစစ်ကစားသမားအကန်ဂျီ၊ ဂွါန်စတုန်း၊ အကီ၊ ကွင်းလယ်က ရိုဒရီ၊ အော်စကာဘော့တို့ ဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်း အားနည်းချက်ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာတော့ ရီးရဲလ်မက်ဒရစ်၊ လီဗာပူးတို့ကိုရှုံးခဲ့ပေမဲ့ နယူးကာဆယ်၊ စပါး၊ ပလိုင်းမောက်တို့ကို နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာတော့ လျင်မြန်မှုကောင်းတဲ့ စပါးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်သွားတာကြောင့် အခုပွဲမှာလဲ အဲဒီပွဲစဉ်က ခံစစ်နဲ့ နော်တင်ဟမ်ကိုကစားမယ်ဆိုရင် ထိန်းချုပ်နိုင်မှာသေချာပါတယ်။ လက်ရှိတိုက်စစ်မှာလဲ ဟာလန်း၊ မာမောက်တို့ ဂိုးသွင်းခြေစွမ်းပြန်တွေ့နေတာဖြစ်လို့ ခံစစ်ကစားပုံကျဆင်းလာတဲ့ နော်တင်ဟမ်အသင်း ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ မန်စီးတီးအသင်းဟာ ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၄) မှာ ရောက်နေလို့ နော်တင်ဟမ်ကို အနိုင်ရခဲ့ရင် အဆင့်(၃)ထိ ရောက်ရှိမဲ့အခွင့်အရေးရှိနေတာကြောင့် အခုပွဲစဉ်ကို အစွမ်းကုန်ပြင်ဆင်လာမှာသေချာပါတယ်။ ဒါ့ပြင် ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မှာလဲ နော်တင်ဟမ်အသင်းကို မန်စီးတီးအသင်းက ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာ မန်စီးတီးအသင်းကို အားပေးရမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိတ်စတာ | ၂ | - | ၂ | နော်တင်ဟမ် |
| ဖူလ်ဟမ် | ၂ | - | ၁ | နော်တင်ဟမ် |
| နယူးကာဆယ် | ၄ | - | ၃ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၀ | အာဆင်နယ် |
| နော်တင်ဟမ် | ၁ | - | ၁ | အစ်ဗ့စ် |

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၄ | - | ၀ | နယူးကာဆယ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၀ | - | ၂ | လီဗာပူး |
| စပါး | ၀ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၁ | ပလိုင်းမောက် |

**အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ**

စီးရီးအေပွဲစဉ် ၂၈ မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လက်ချီအသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ အပြောင်းအရွှေ့ကာလတွေမှာ ခြေစွမ်းပြကစားသမား ခေါ်ယူနိုင်ခြင်းမရှိတာကြောင့် ကစားပုံတည်ငြိမ်မှုမရှိတာကိုတွေ့ရမှာပါ။ လက်ချီအသင်းအနေနဲ့ ၂၇ ပွဲကစားအပြီးမှာ ခြောက်ပွဲသာအနိုင်ရခဲ့ပြီး ရမှတ် ၂၅ မှတ်ရခဲ့လို့ အဆင့်(၁၆)မှာရောက်နေပေမဲ့ တန်းဆင်းဇုန်က အမ်ပိုလီနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာဖြစ်ပါတယ်။ လက်ချီအသင်းတိုက်စစ်ကလဲ လက်ရှိအချိန်ထိ ၁၈ ဂိုးသာ သွင်းယူနိုင်ခဲ့တာကြောင့် စီးရီးအေအသင်းတွေထဲမှာ တိုက်စစ်ပိုင်းဂိုးအနည်းဆုံးဖြစ်နေတာကို သတိပြုရမှာပါ။ သူတို့နည်းပြအနေနဲ့ ခံစစ်အသားပေးကစားနေပေမဲ့ တိုက်စစ်အားကောင်းတဲ့အသင်းတွေကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခြင်းမရှိလို့ အခုပွဲမှာ အေစီမီလန်ကို ပွဲချိန်ပြည့်ယှဉ်ပြိုင်ဖို့ ရုန်းကန်ရမှာပါ။

အေစီမီလန်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဖီရင်နုကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရသလို အဲဒီနောက်ပိုင်း အမှတ်ပေးပွဲတွေမှာလဲ သုံးပွဲဆက်ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖိအားအောက်ရောက်လာတဲ့ နည်းပြကွန်စီကာအိုဟာ အခုပွဲမှာ ကစားသမားအပြောင်းအလဲလုပ်ပြီး နိုင်ပွဲရဖို့အစွမ်းကုန်ကြိုးပမ်းနေတာကို တွေ့ရမှာပါ။ အေစီမီလန်ဟာ ၂၇ ပွဲအပြီးမှာ ရမှတ် ၄၁ မှတ်သာ ရခဲ့လို့ အဆင့်(၉)မှာရောက်နေပြီး အဆင့်(၄)က ဂျူဗင်တပ်နဲ့ ရမှတ် ၁၁ မှတ်ထိ ကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် မျှော်လင့်ချက်နည်းနေတာဖြစ်ပါတယ်။ လက်ရှိမှာ ဂိုးသမားမိုင်ဂနန်၊ ပါဗလိုဗစ်တို့ ပွဲပယ်ခံရတာကလွဲရင် ကျန်ကစားသမားအစုံအလင်ကစားနိုင်မှာဖြစ်လို့ လက်ချီလို အဘက်ဘက်က အားနည်းနေတဲ့အသင်းကို ဖိအားပေးကစားနိုင်မှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၁ ကြိမ်မှာလဲ အေစီမီလန်က ခုနစ်ပွဲနိုင်၊ လေးပွဲသရေနဲ့ ပွဲတိုင်းဂိုးတွေ သွင်းယူခဲ့တာဖြစ်လို့ အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ။

**လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါးမား | ၁ | - | ၃ | လက်ချီ |
| လက်ချီ | ၀ | - | ၀ | ဘိုလော့နာ |
| မွန်ဇာ | ၀ | - | ၀ | လက်ချီ |
| လက်ချီ | ၀ | - | ၁ | အူဒီးနီးစ် |
| ဖီအိုရင်တီးနား | ၁ | - | ၀ | လက်ချီ |

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၁ | - | ၀ | ဗီရိုနာ |
| အေစီမီလန် | ၁ | - | ၁ | ဖီရင်နူ |
| တိုရီနို | ၂ | - | ၁ | အေစီမီလန် |
| ဘိုလော့နာ | ၂ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | လာဇီယို |

**ပီအက်စ်ဂျီအသင်း အနိုင်ရမှာပါ**

ပြင်သစ်လီဂူးပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ ရင်းနက်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရင်းနက်အသင်းဟာ လီဂူးပြိုင်ပွဲမှာ ဖြတ်မျဉ်းအဆင့်ရှိတဲ့အသင်းဖြစ်တာကြောင့် အသင်းကြီးတွေက သတိထားကစားနေရတာကို တွေ့ရမှာပါ။ ရင်းနက်အသင်းဟာ လက်ရှိ ခံစစ်ကစားပုံတိုးတက်လာတာကြောင့် နောက်ဆုံးငါးပွဲမှာ ခံစစ်က ပေးဂိုးနှစ်ဂိုးသာရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲတွေမှာ စထရာဘော့၊ စိန့်အီတိန်း၊ ရိမ်းနဲ့ မောင့်ပယ်လီယာတို့လို အသင်းငယ်တွေကို အနိုင်ရခဲ့ပြီး လိုင်လီလို စုဖွဲ့မှုကောင်းတဲ့အသင်းကိုရှုံးခဲ့တာကိုကြည့်ရင် ရင်းနက်အသင်းခံစစ်ပိုင်းက အသင်းကြီးတွေနဲ့ဆို လိုအပ်ချက်ရှိနေသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲ ၂၄ ပွဲအပြီး ရမှတ် ၂၉ မှတ်ရခဲ့တာကြောင့် အဆင့်(၁၁)မှာရောက်နေပြီး အခုပွဲကို ရှုံးခဲ့ရင်လဲ အမှတ်ပေးဇယားပြောင်းလဲမှု ကြီးမားမှာမဟုတ်ပါဘူး။ လက်ရှိ အိမ်ကွင်း ၁၃ ပွဲမှာ ခုနစ်ပွဲသာအနိုင်ရခဲ့ပြီး မိုနာကို၊ လန့်စ်၊ မာဆေး၊ လိုင်လီတို့ကို နိုင်ပွဲမရခဲ့တဲ့ပွဲစဉ်ကိုကြည့်ရင် တိုက်စစ်အားကောင်းတဲ့အသင်းတွေကို ပွဲချိန်ပြည့်ယှဉ်ပြိုင်နိုင်ခြင်းမရှိတာကြောင့် အခုပွဲမှာ ရုန်းကန်ရမှာသေချာပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးပွဲ ၂၄ ပွဲအပြီးမှာ ၁၉ ပွဲနိုင်၊ ငါးပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့ဘဲ အမှတ်ပေးဇယားကို ဦးဆောင်နေတာကြောင့် အခုရာသီမှာ ရှုံးပွဲမရှိနဲ့ အမှတ်ပေးဖလားရယူဖို့ ကြိုးပမ်းနေတာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ ကိုပါဒီဖရန့်ဖလားပွဲမှာ ကွာတားဖိုင်နယ်ထိရောက်ခဲ့ပြီး ချန်ပီယံလိဂ်ပွဲမှာလဲ ၁၆ သင်းအဆင့်မှာ လီဗာပူးနဲ့ တွေ့ဆုံနေတာဖြစ်ပါတယ်။ လက်ရှိမှာ အသင်းကစားသမားအားလုံး ဒဏ်ရာကင်းစင်နေတာကြောင့် ကြားရက်မှာ ချန်ပီယံလိဂ်ပွဲကစားရမှာဖြစ်ပေမဲ့ အရန်ကစားသမားတောင့်တင်းတာဖြစ်လို့ ဒဏ်ရာရ၊ ပွဲပန်းမှုအတွက် စိုးရိမ်စရာမရှိတာကိုတွေ့ရမှာပါ။ လက်ရှိ အသင်းတိုက်စစ်ပိုင်းကို ဘာကိုလာ၊ ဒမ်ဘီလီ၊ ရာမို့စ်တို့ ဦးဆောင်နေတာကြောင့် လျင်လျင်မြန်မြန်နဲ့ ဂိုးသွင်းအားကောင်းနေတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းတိုက်စစ်အနေနဲ့ ပွဲတိုင်းဂိုးသွင်းယူနိုင်ပေမဲ့ ခံစစ်အနေနဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ပေးဂိုးများတတ်တာကြောင့် နည်းပြအန်းနရစ်အနေနဲ့ အခုပွဲမှာ ရင်းနက်လို အိမ်ကွင်းတိုက်စစ်ကောင်းတဲ့အသင်းကို ဂိုးမပေးရအေးပြင်ဆင်နိုင်ရင် ပီအက်စ်ဂျီအသင်း နိုင်ပွဲရမှာပါ။

**ရင်းနက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက် | ၁ | - | ၀ | စထရာဘော့ |
| စိန့်အီတိန်း | ၀ | - | ၂ | ရင်းနက် |
| ရင်းနက် | ၀ | - | ၂ | လိုင်လီ |
| ရင်းနက် | ၁ | - | ၀ | ရိမ်း |
| မောင့်ပယ်လီယာ | ၀ | - | ၂ | ရင်းနက် |

**ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူးလော့ | ၀ | - | ၁ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၇ | - | ၀ | ဘရက်စ် |
| လိုင်ယွန် | ၂ | - | ၃ | ပီအက်စ်ဂျီ |
| ဘရီအိုချင် | ၀ | - | ၇ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၄ | - | ၁ | လိုင်လီ |

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘီလာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘီလာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ ရောက်ရှိ

**နေပြည်တော် မတ် ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘီလာရုစ်နိုင်ငံသမ္မတ မစ္စတာလူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘီလာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန်အတွက် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Grigoriev Evgeny Dmitrievich၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

